# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၂၂)၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ ၂၅-၁၀-၂၀၂၅၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၄**

၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၃ သို့ ☆

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။



## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် အောက်တိုဘာ ၂၄**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**လာမည့် ၈နေ့၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၂၅ ရက် ၊ စနေနေ့ ။
မန္တလေး

# စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာများ သင်ကြားပေးလျက်ရှိ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးပြည့်ဝသည့် အသက်မွေးဝမ်းကျောင်းပညာရေးနှင့် ချိတ်ဆက်ပေါင်းကူးနိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်း၍ အခြေခံပညာတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများကို ၂၀၂၃-၂၀၂၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါတွင် **၈၉** ကျောင်း ဖွင့်လှစ်ထားရှိပြီးဖြစ်ပြီး Grade-10 တွင် ကျောင်းသား၊ ကျောင်းသူ ငါးထောင်ကျော်၊ Grade -11 တွင် ကျောင်းသား၊ ကျောင်းသူ ငါးထောင်ကျော်နှင့် Grade -12 တွင် ကျောင်းသား၊ ကျောင်းသူ သုံးထောင်ကျော် တက်ရောက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် က အောက်တိုဘာ ၂၃ ရက်နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာများ သင်ကြားနေသည့် Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များ အတည်ပြုညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

Grade-9 ပြီးမြောက်ပါက ပညာဆက်လက်သင်ယူနိုင်ရန် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက်ရောက်လိုသည့် အခြေခံပညာဘာသာရပ်တွင် သက်မွေးပညာများဖြစ်သည့် စက်မှုနည်းပညာနှင့် စိုက်ပျိုးရေးနည်းပညာကို သင်ယူလေ့လာခွင့်ရရှိနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အခြေခံဘာသာရပ်များကို အခြေခံပညာဦးစီးဌာနမှ ဆရာ၊ ဆရာမများ၊ နည်းပညာဘာသာရပ်များကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဆရာ၊ ဆရာမများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဦးစီးဌာနများမှ ဆရာ၊ ဆရာမများက အားဖြည့်သင်ကြားပေးလျက်ရှိကြောင်း၊ Grade-10 နှင့် Grade-11 အတန်းများကို အခြေခံပညာကျောင်းများတွင် ရာနှုန်းပြည့်သင်ကြားပေးလျက်ရှိကြောင်း၊ Grade -12 တွင် မြန်မာစာ ၃၀ ရာခိုင်နှုန်း၊ အင်္ဂလိပ်စာ ၁၀၀ ရာခိုင်နှုန်း၊ သင်္ချာ ၁၀၀ ရာခိုင်နှုန်း၊ ရူပဗေဒ ၆၀ ရာခိုင်နှုန်း၊ ဓာတုဗေဒ ၄၀ ရာခိုင်နှုန်း သင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများနည်းတူ အခန်းဆုံးတတ်မြောက်မှုစစ်ဆေးခြင်း (၂) ကြိမ်၊ ပထမနှစ်ဝက်ပြီးဆုံးပါက (၁) ကြိမ်၊ နောက်ဆုံးနှစ်ဝက်ပြီးဆုံးပါက (၁) ကြိမ် စုစုပေါင်း (၄) ကြိမ် စစ်ဆေးခြင်းပုံစံဖြင့် ဆောင်ရွက်ကြောင်း၊ Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဦးစီးဌာနများနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး ရရှိလာသည့် ဆွေးနွေးချက်များကို ယခုအစည်းအဝေးတွင် အတည်ပြုဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

အခြေခံပညာဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ ဆောင်ရွက်ထားရှိမှု၊ စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက မေးခွန်းပြုစုခြင်း၊ Board of Examination ဖွဲ့စည်းခြင်းနှင့် စာမေးပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်မည့်အခြေအနေများအပေါ် အပြန်အလှန်ဆွေးနွေးကြပြီး Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုကြသည်။

"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဆိုသည့်အတိုင်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာများ သင်ကြားနေသည့် သင်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်များအား ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**မြစ်သား အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းတွင် ယနေ့နံနက် ၁၀ နာရီက ၂၀၂၄-၂၀၂၅ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်များအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို အဆိုပါ ကျောင်းဝန်းအတွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်နိုင်မင်းက အဖွင့်အမှာစကားနှင့်အတူ မုဒိတာစကားတို့ဖြင့် ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြသည်။ ဆက်လက်၍ အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းမှ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာရပ်များဖြင့် ထူးချွန်စွာ အောင်မြင်သည့် (၃) ဘာသာဂုဏ်ထူးရှင်ကျောင်းသူ မအေးမြတ်မွန်နှင့် လူရည်ချွန်နှစ်ထပ်ကွမ်း Grade -11 ကျောင်းသူ မမြင့်မြတ်မွန်တို့အားလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူအသီးသီးမှ ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ကြသည်။ ထို့နောက် သုံးဘာသာဂုဏ်ထူးရှင် မအေးမြတ်မွန်က ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပပေးခြင်းနှင့် သင်ကြားပြသပေးခဲ့ကြသော မိဘဆရာများအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံး တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

## မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျော့ချနိုင်ရေးဆိုင်ရာ သိကောင်းစရာများ Talk Show ဆောင်ရွက်

**ပုသိမ်ကြီး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Centre ပံသုကျီ ခန်းမတွင် ယနေ့နေ့လယ် ၁ နာရီက မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျော့ချနိုင်ရေးဆိုင်ရာ သိကောင်းစရာများ Talk Show အား မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။

အဆိုပါ Talk Show တွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်က မီးခိုးမြူငွေ့နှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း၊ မြို့၊ ရွာ၊ ရပ်ကွက်များရှိ ကွင်းပြင်များတွင် အမှိုက်မီးမရှို့စေရေး၊ ပညာပေးရေးနှင့် လယ်ယာ၊ အိမ်ခြံထွက် အမှိုက်များကို သက်သာသော နည်းစနစ်ဖြင့် ရှင်းလင်းနိုင်ရေး၊ သက်ဆိုင်ရာဌာနများပူးပေါင်း၍ နည်းပညာပံ့ပိုးပေးနိုင်ရေး စသည့် အချက်များအား ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဖြိုးစံက တောမီးလောင်ကျွမ်းမှုအကြောင်း ပညာပေးခြင်း၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများအကြောင်း၊ ကျန်းမာရေးဆိုင်ရာပြဿနာများ၊ မီးခိုးမြူငွေ့လျော့ချရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှုများ စသည်တို့အား ဆွေးနွေးပြောကြားခဲ့သည်။

Talk Show ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (တွဲဖက်) ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်နှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဖြိုးစံတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၀၉၅)**

## ၂၄ - ၁၀ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်အတိုင်း ရောင်းချပေးသွားမည်ဖြစ်သည်။ **(ဝဲပုံ)**




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် ရန်ကုန် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့်အသင်းများ ဖြစ်သည်နှင့် အညီ တစ်ဖက်နှင့်တစ်ဖက် ဦးဆောင်ဂိုးရရှိနိုင်ရေး အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်ခဲ့ကြသော်လည်း ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပွဲကစားချိန် ပထမပိုင်း ပြီးဆုံးချိန်တွင် ဂိုးမရှိ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ဒုတိယပိုင်းပွဲကစားချိန်၌ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ်ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲကစားချိန်ပြီးဆုံးချိန်တွင် ဂိုးမရှိ သရေရလဒ်သာ ထွက်ပေါ်ခဲ့သဖြင့် အချိန်ပိုပွဲကစားချိန်ကို ဆက်လက်ကစားခဲ့ကြရာ အချိန်ပိုပွဲကစားချိန် ပထမပိုင်းတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းက အဖိုးတန် အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သဖြင့် ပွဲကစားချိန် ပြီးဆုံးချိန်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းက ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုအပြီးတွင် ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ပွဲစဉ်တစ်လျှောက် တစ်ဦးချင်း နေရာအလိုက် အကောင်းဆုံး ကစားသမားဆု ရရှိသူများနှင့် အကောင်းဆုံး အားကစားသမားဆု ရရှိသူများကိုလည်းကောင်း၊ တပ်မတော် အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၄ သို့ »»»





၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသန့်ရှင်းဆုံးဆု ရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၃ မှ

ဆက်လက်၍ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အသန့်ရှင်းဆုံးဆု ရရှိသည့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ဆုဖလား နှင့် ငွေသားဆုများကို ပေးအပ် ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင် ပထမဆု ဆွတ်ခူးရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းအား တံခွန်စိုက် ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူအရာရှိနှင့် အားကစားသမားများက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်းခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန်စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၆၄ ရက်

သာ လိုတော့သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း တရုတ်နိုင်ငံ စူးကျိုးမြို့တွင် စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ် - ၂၀၂၅ တက်ရောက်၊ လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု ဌာနအကြီးအကဲ မစ္စတာ ဝမ်ဟုန်ကျင့်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံ စူးကျိုးမြို့တွင် ကျင်းပသော စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ်-၂၀၂၅ သို့ တက်ရောက်ရန်နှင့် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုများကို လေ့လာနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၂ ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံ နန်ကျင်းမြို့နှင့် စူးကျိုးမြို့တို့သို့ သွားရောက်ခဲ့သည်။



အောက်တိုဘာ ၂၂ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နန်ကျင်းမြို့ China Huaneng Group ၏ ကျန်းစုပြည်နယ်အတွင်း ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားစနစ်တည်ငြိမ်စေရေး ဓာတ်အားစနစ်ထိန်းချုပ်စင်တာသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက ကမ်းလွန်လေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်မှု၊ နေရောင်ခြည်စွမ်းအင်မှ ဓာတ်အားထုတ်လုပ်မှုများကို ဓာတ်အားစနစ်တည်ငြိမ်မှုကို ထိခိုက်မှုမရှိစေရေး ပေါင်းစပ်ထိန်းချုပ်ဆောင်ရွက်မှုအခြေအနေများနှင့် စက်ရုံများထိန်းသိမ်းလည်ပတ်မောင်းနှင်မှုကို ဓာတ်အားစနစ်ထိန်းချုပ်စင်တာမှ ထိန်းချုပ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် Jingyu Deep-green Energy Co.,Ltd. မှ ဆောင်ရွက်လျက်ရှိသည့် ဇီဝလောင်စာတောင့်စက်ရုံသို့ ဝင်ရောက်လေ့လာရာ တာဝန်ရှိသူများက ကိုင်းဖျားကိုင်းနား၊ ဝါး၊ ဆီအုန်းခွံ၊ ပြောင်းဖူးရိုး၊ အုန်းခွံ စသော စွန့်ပစ်ဇီဝပစ္စည်းများကို စက်မှုလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်သော ဇီဝကာဗွန်များ၊ သစ်သားလောင်စာတောင့်များ ထုတ်လုပ်မှုအဆင့်ဆင့်အလိုက် စက်ရုံအတွင်း ရှင်းလင်းပြသပြီး ကုန်ကြမ်းစုဆောင်းရရှိမှုများ၊ နိုင်ငံတော်မှအားပေးထောက်ခံမှုများ၊ ဈေးကွက်ရှာဖွေရရှိမှုအခြေအနေများ၊ သယ်ယူပို့ဆောင်ရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဖိုရမ်ကျင်းပရေးအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၂၃ ရက်တွင် စူးကျိုးမြို့ Xiangcheng EDZ Energy Center သို့ သွားရောက်၍ Energy Center တွင် လျှပ်စစ်စွမ်းအင်စီမံခန့်ခွဲမှုများ၊ အဆောက်အအုံများတွင် Dual Thermal Storage နှင့် Multi-energy Complementarity ဆောင်ရွက်ထားရှိမှုများ၊ AI-Enabled Smart Energy Technology၊ Energy Saving and Carbon Reduction၊ AI base Control System တို့ကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်က ချမှတ်ထားသောမူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လေ့လာခဲ့သည်။

အောက်တိုဘာ ၂၃ ရက်တွင် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုဌာနနှင့် International Renewable Energy Agency (IERNA)တို့က ကြီးမှူးကျင်းပသည့် စွမ်းအင်အသွင်ကူးပြောင်းမှုအပြည်ပြည်ဆိုင်ရာဖိုရမ်-၂၀၂၅ ၏ ဖိုရမ်ခွဲ Large Power Grid Security Risk Prevention and Control Technical သို့ တက်ရောက်ကြသည်။ ဖိုရမ်ခွဲတွင် တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုဌာနမှ မစ္စတာဟွမ်ရွှေနန်၊ တရုတ်နိုင်ငံ တောင်ပိုင်းလျှပ်စစ်ဓာတ်အားကွန်ရက်မှ မစ္စတာဝူရှောက်ချန်တို့ တက်ရောက်ကြပြီး ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက မြန်မာနိုင်ငံသည် ပြန်ပြည့်မြဲ စွမ်းအင်ပေါကြွယ်ဝသဖြင့် နေစွမ်းအင်၊ လေစွမ်းအင်နှင့် ရေအားလျှပ်စစ်ကို ပိုမိုအသုံးပြုနိုင်ရန် အင်တိုက်အားတိုက် ကြိုးစားလျက်ရှိပါကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်၊ သန့်ရှင်းသည့်လောင်စာများနှင့် နျူကလီးယားစွမ်းအင်တို့က စွမ်းအင်စနစ် တည်ငြိမ်မှုအတွက် အခြေခံအချက်အဖြစ် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အစဉ်တစိုက်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတည်းသည် ဤကြီးမားသော စွမ်းအင်အသွင်ကူးပြောင်းမှုကို ဆောင်ရွက်နိုင်မည်မဟုတ်ပါကြောင်း၊ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စိတ်ကူးများ၊ နည်းပညာများနှင့် အတွေ့အကြုံများကို မျှဝေခြင်းဖြင့် ရည်မှန်းချက်များကို ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ်-၂၀၂၅ ၏ ဖိုရမ်ခွဲ Large Power Grid Security Risk Prevention and Control Technical သို့ ဓာတ်အားစနစ် ထိန်းချုပ်မောင်းနှင်မှုဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ သုတေသနဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ လျှပ်စစ်ဆိုင်ရာမူဝါဒချမှတ်သူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်-မန္တလေးကားလမ်းမှ ရိုးကန်-ကန်သာ(စီးပွားရေးတက္ကသိုလ်အဝင်)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်-မန္တလေးကားလမ်းမှ ရိုးကန်၊ ကန်သာ(စီးပွားရေးတက္ကသိုလ်အဝင်)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား ယနေ့က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်နှင်းနှင်းအိလှိုင်တို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၃၁၆ ဒသမ ၈၃၈ သန်းဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ 0.87km x 3.66m x 375 mm ရှိ ရန်ကန်-မန္တလေးကားလမ်းမှ ရိုးကန် ၊ ကန်သာ (စီးပွားရေးတက္ကသိုလ်အဝင်)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၄၆၉)



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော အဖွဲ့အား ကြိုဆိုဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မြန်မာနိုင်ငံသို့ အောက်တိုဘာ ၁၉ ရက်က ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Anna Sergeevna Vinnikova ဦးဆောင်သော အဖွဲ့အား ယနေ့နံနက်ပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုခဲ့ကြသည်။



အဆိုပါအဖွဲ့သည် MAI လေကြောင်းလိုင်းဖြင့် ညောင်ဦးခရိုင် ညောင်ဦးလေဆိပ်မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး မန္တလေးမြို့မှတစ်ဆင့် ပြင်ဦးလွင်မြို့သို့ ဆက်လက်ထွက်ခွာ၍ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ကိုလိုနီခေတ်ရှေးဟောင်းအဆောက်အအုံများနှင့် အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခဲ့ကြသည်။

ညပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Anna Sergeevna Vinnikova ဦးဆောင်သော အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တာဝန်ရှိသူတို့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်အဖွဲ့ကိုလည်း ဂုဏ်ပြုပန်းခြင်းများပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)








## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်းကို အောက်တိုဘာ ၂၃ရက်က ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက အနာဂတ်လူငယ်မျိုးဆက်သစ်များအနေဖြင့် အခြေခံပညာအရွယ်ကစ၍ စာဖတ်သည့်အလေ့အထနှင့်အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ စာပေမှတစ်ဆင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့်ရရှိသည့် ဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်စေရန်၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ နှုတ်မှုစွမ်းရည်များ တိုးတက်ပြီး ပရိသတ်ရှေ့တွင် ပြောရဲ၊ ဆိုရဲ၊ ဆွေးနွေးရဲသည့် သတ္တိများရှိလာစေရန် အခြေခံပညာမှ အဆင့်မြင့်ပညာအထိ အတန်းစဉ်အလိုက် ဘက်စုံထူးချွန်ထက်မြက်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်းများကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နှင်းနုအေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ Grade-8 ကျောင်းသူ မနှင်းသူသူအောင်က လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-8 ကျောင်းသူ မသွန်းကြည်ဖြူက လူငယ်နှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-8 ကျောင်းသား မောင်အံ့ထူးခန့်က လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-8 ကျောင်းသူ မဂျူးရတီနွေးက လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေးခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး ဦးဆောင်ဆွေးနွေးသူကလည်း မေးမြန်းသည့် အချက်များကို ပိုမိုပြည့်စုံရန် ပြည်လည်ဖြည့်စွက်ဖြေကြားဆွေးနွေးပေးခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော နံရံကပ်ပြဘုတ်များနှင့်သုတ၊ ရသစာအုပ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောင်စော်မင်း)

# ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် ပေကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါကျောင်းတွင် ကျင်းပ ပြုလုပ်သည်။

ရှေးဦးစွာ နယ်မြေခံ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ရဲမြတ်သူ၊ ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ပညာရေးဌာန(စီမံ၊ ညွှန်မှူး) ဦးအောင်ဆွေဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကဗ္ဗည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်က အမှာစကားပြောကြားပြီး ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ရမည်းသင်းခရိုင် ပညာရေးမှူး ဦးအောင်တင့်က ကျေးဇူးတင်စကားပြောကြားသည်။


၎င်းနောက် မန္တလေးတိုင်းဒေသကြီးပညာရေးဌာန(စီမံ၊ ညွှန်မှူး) ဦးအောင်ဆွေဦးက ဖောင်ဒေးရှင်း တာဝန်ရှိသူများထံ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ဖောင်ဒေးရှင်းတာဝန်ရှိသူများက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား ရမည်းသင်းခရိုင်ပညာရေးမှူးထံ ပေးအပ်ကြသည်။



ယခု စာသင်ကျောင်းဆောင်သစ်သည် ကြံ့နှစ်ကောင်ဖောင်ဒေးရှင်း၏ (၅)ကျောင်းမြောက် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၂၀၊ အနံ ၃၀ ပေ RC တစ်ထပ်ဖြစ်ပြီး ကျောင်းဆောင်သစ်နှင့်အတူ(၄)ခန်းတွဲ အိမ်သာ၊ ရေတွင်းနှင့် စာသင်ခုံများ၊ စုစုပေါင်းငွေကျပ်သိန်း ၃၅၀၀ အကုန်ကျခံကာ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

(ဝဲပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)



# မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၃၈)

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**မြို့သစ် အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိနိုင်စေရန်နှင့် တစ်ဦးနှင့် တစ်ဦးအအသိပညာများ မျှဝေနိုင်စေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို အောက်တိုဘာ ၂၂ ရက်၊ နံနက်ပိုင်းက အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းရတနာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့သစ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက "အလှဆုံးပန်းများပွင့်ကြပြီ" သီချင်းဖြင့်ကပြ ဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုတွင် ထည့်သွင်းကျင်းပသော အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အမြဲမပြတ်လေ့လာ သင်ယူရေးစကားဝိုင်း (Never Stop Learning Talk Show) ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။



ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသသည့် စာအုပ်စာစောင်များနှင့် လှပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံပြခန်းများအား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝင်းအိစွန်-ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အသိပညာပေးသင်တန်းနှင့် အိမ်ခြံမြေနှင့်ပတ်သက်သော အသိပညာပေး သင်တန်း ပို့ချပေးသွားမည်

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ (AML/CFT)ဆိုင်ရာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အသိပညာပေးသင်တန်းနှင့် အိမ်ခြံမြေနှင့် ပတ်သက်သော အသိပညာပေးသင်တန်းကို အောက်တိုဘာ ၂၆ ရက်(တနင်္ဂနွေနေ့)တွင် နံနက် ၈ နာရီ ၃၀ မိနစ်မှ ညနေ ၅နာရီအထိ CEREMON Grand Ballroom ၅၃လမ်းနှင့် ၃၂ လမ်းထောင့်တွင် သင်တန်းဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းတက်ရောက်မည့်သူများသည် အသင်းဝင်ကတ်(သို့မဟုတ်) ငွေသွင်းပြေစာ၊ ရောင်စုံဓာတ်ပုံ(၃)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်၊ မှတ်ပုံတင်၊ အသင်းဝင်အမှတ်၊ ဖုန်းနံပါတ်ရေးသားရန်)၊ မှတ်ပုံတင်မိတ္တူတစ်စောင်တို့အား တစ်ပါးတည်းယူဆောင်လာရမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်အထိ နှစ်စဉ်ကြေးမသွင်းရသေးသူများနှင့် အသင်းသားမဟုတ်သူများသည် စာရွက်စာတမ်းနှင့် သင်တန်းခန်းမစရိတ်ငွေ ကျပ်(၄၀၀၀၀ိ။-) လေးသောင်းကျပ် ပေးသွင်းရမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ်အထိ နှစ်စဉ်ကြေးပေးသွင်းပြီးသော အသင်းသားများသည် စာရွက်စာတမ်းနှင့် သင်တန်းခန်းမစရိတ်ငွေကျပ် (၂၀၀၀၀)နှစ်သောင်းကျပ် ပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အသင်းရုံးခန်းနှင့် ဖုန်း ၀၉-၇၇၇၇၃၆၆၇၃၊ ၀၉-၂၀၂၉၄၃၆ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သင်တန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့ အိမ်ခြံမြေဈေးကွက်မှာ ငလျင်ကြီးမလှုပ်ခင်က အတိုင်းအတာတစ်ခုထိ အရောင်းအဝယ်ဖြစ်နေရာက လက်ရှိမှာတော့ အိမ်ခြံမြေဈေးကွက်က အနည်းငယ်သာ အလုပ်ဖြစ်နေတာမျိုးဖြစ်ကြောင်း၊ မကြာမီဖွင့်လှစ်မည့် အဆိုပါ သင်တန်းမှာလည်း မန္တလေး အိမ်ခြံမြေအကျိုးဆောင်လုပ်ကိုင်နေသည့် အသင်းသူအသင်း သားများ၊ စိတ်ဝင်စားသူများ တက်ရောက်သင့်သည့် သင်တန်းဖြစ်သောကြောင့် မြေအရောင်းအဝယ် လုပ်ကိုင်နေသူများအနေဖြင့် အမှား၊ အမှန်ခွဲခြားတတ်လာမည်၊ မြေအရောင်းအဝယ်မှာ အမှားနည်းသွားမည်၊ သို့ဖြစ်၍ (AML/CFT)ဆိုင်ရာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အသိပညာပေးသင်တန်းနှင့် အိမ်ခြံမြေနှင့် ပတ်သက်သော အသိပညာပေးသင်တန်းကို လာရောက်တက်သင့်ကြောင်း မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဥက္ကဋ္ဌ ဒေါ်တင်တင်အေးက မန္တလေးနေ့စဉ်ကိုပြောသည်။

"လက်ရှိမှာ မန္တလေးအိမ်ခြံမြေဈေးကွက်က သဘာဝဘေး ငလျင်ကြီးကြောင့် အရောင်းအဝယ် အေးနေပါတယ်။ မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေး အသင်းဝင်တွေလည်း အလုပ်မဖြစ်ကြပါဘူး။ အရောင်းအဝယ် ဈေးကွက် အကြီးပိုင်းတွေ မရှိသေးဘဲ၊ သိန်းထောင်ပိုင်း အရောင်းအဝယ်လေးတွေသာ အလုပ်ဖြစ်နေပါတယ်။ အရောင်းအဝယ်ကတော့ ရပ်မသွားပါဘူး။ တချို့ကလည်း ကားဈေးကွက်ထဲ ရောက်သွားကြသလို မြေဈေးကွက်မှာ အနည်းအငယ်လုပ်ကိုင်နေကြပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးအိမ်ခြံမြေဈေးကွက်မှာ ငလျင်မလှုပ်မီက အိမ်ခြံမြေဈေးကွက်မှာ အရောင်းအဝယ်ကောင်းပြီး ရင်းနှီးမြှုပ်နှံမှုတစ်ခုအနေဖြင့် လုပ်ငန်းကောင်းသည့် အခြေအနေရှိသော်လည်း တန်ဖိုးသင့် သိန်းထောင်ပိုင်းမြေကွက်များသာ အနည်းငယ်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရွှေမန်း

၀-၀-၀-၀

၀-၀-၀-၀-၀

# ဖို့ဒ်ကားကုမ္ပဏီ အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၅ ဘီလီယံ ဝင်ငွေစံချိန်တင် ရရှိ




နယူးယောက် အောက်တိုဘာ ၂၄

အမေရိကန်ကားထုတ်လုပ်သူ ဖို့ဒ်ကားကုမ္ပဏီသည် ၂၀၂၅ ခုနှစ် တတိယသုံးလပတ်တွင် ဘဏ္ဍာရေးရလဒ်များ တိုးတက်ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၉ ရာခိုင်နှုန်း တိုးတက်ကာ အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၅ ဘီလီယံ ဝင်ငွေစံချိန်တင် ရရှိခဲ့ကြောင်း အောက်တိုဘာ ၂၃ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

တတိယ သုံးလပတ်တွင် ဖို့ဒ်ကားကုမ္ပဏီ၏ အသားတင် ဝင်ငွေ ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ ရရှိခဲ့ပြီးယမန်နှစ်အလားတူကာလထက် ၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ချိန်ညှိပြီး အတိုးနှင့် အခွန်မဆောင်မီ ဝင်ငွေ (EBIT) သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံရှိပြီး ယမန်နှစ်အလားတူကာလနှင့် တူညီကြောင်း သိရသည်။

ဖို့ဒ်ကားထုတ်လုပ်ရေးကုမ္ပဏီက ၂၀၂၅ ခုနှစ် တစ်နှစ်လုံးအတွက် ကြိုတင်ခန့်မှန်းချက်များအရ ချိန်ညှိပြီး EBIT ဒေါ်လာ ၆ ဘီလီယံမှ ၆ ဒသမ ၅ ဘီလီယံ၊ ချိန်ညှိပြီးငွေသားစီးဆင်းမှုပမာဏ ဒေါ်လာ ၂ ဘီလီယံမှ ၃ ဘီလီယံ နှင့် အရင်းအနှီးအသုံးစရိတ် ဒေါ်လာ ၉ ဘီလီယံဝန်းကျင်ရှိမည်ဟု သိရသည်။

မိမိတို့သည် ပိုမိုအားကောင်းပြီး လုပ်ငန်းသွက်လက်မြန်ဆန်သည့် ကုမ္ပဏီတစ်ခုအဖြစ် ၂၀၂၆ ခုနှစ်ကို ဦးတည်သွားနေကြောင်းနှင့် ပိုမိုကောင်းမွန်သည့် အရာများအပေါ် ဆက်လက်အာရုံစိုက်သွားမည်ဖြစ်ပြီး သုံးစွဲသူတွေအတွက် ကြီးမားသည့်တန်ဖိုးများ ဖန်တီးပေးသွားမည် ဖြစ်ကြောင်း ဖို့ဒ်၏ဥက္ကဋ္ဌနှင့်စီအီးအိုဂျင်ဖာလေးက ပြောကြားသည်။

ဆင်ဟွာ

# တရုတ်ပြည်သူများ၏ ပျမ်းမျှသက်တမ်း ၈၀ ဝန်းကျင်အထိ မြင့်တင်ရန် ရည်ရွယ်

ပေကျင်း အောက်တိုဘာ ၂၄

၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ငါးနှစ်တာကာလအတွင်း တရုတ်ပြည်သူများ၏ ပျမ်းမျှသက်တမ်း ၈၀ ဝန်းကျင်အထိ မြင့်တင်ရန် တရုတ်နိုင်ငံက ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း နိုင်ငံ၏ ထိပ်တန်းကျန်းမာရေးအရာရှိက ပြောကြားသည်။

၂၀၂၄ ခုနှစ်အဆုံးတွင် တရုတ်ပြည်သူများ၏ ပျမ်းမျှသက်တမ်းသည် ၇၉ နှစ်အထိ ရောက်ရှိလာခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများကြားတွင် အံ့မခန်းအောင်မြင်မှုရရှိခဲ့ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင် အကြီးအကဲ လိန်ဟိုင်ချောင်က ပြောကြားခဲ့သည်။

လွန်ခဲ့သော ငါးနှစ်ကျော်ကာလတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံးကျန်းမာရေးဝန်ဆောင်မှုစနစ်၊ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစနစ်၊ ဆေးဘက်ဆိုင်ရာအာမခံစနစ်တို့ကို တည်ထောင်ခဲ့ကြောင်းနှင့် ထိုသို့လုပ်ဆောင်ခဲ့သည့်အတွက် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူဦးရေဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် သိသိသာသာ တိုးတက်မှုရှိခဲ့သည်ဟု လိန်က ပြောသည်။

တရုတ်နိုင်ငံသည် ရာစုနှစ်တစ်ခုအတွင်း ကပ်ရောဂါဆိုးကို ကြုံကြိုက်ခဲ့ရသည်။ ၁၄ ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) စီမံကိန်းအတွင်း တရုတ်ပြည်သူများ၏ ပျမ်းမျှသက်တမ်းသည် အဆက်မပြတ် တိုးတက်လာခဲ့ကြောင်း ၎င်းအရာရှိက ပြောကြားခဲ့သည်။

ဆင်ဟွာ

# အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်စီမံကိန်းတွင် ဗီယက်နမ်နိုင်ငံက အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

ဟန္နိုင်း အောက်တိုဘာ ၂၄

ဗီယက်နမ်နိုင်ငံသည် မြောက်ပိုင်း ဘက်နင်ပြည်နယ်ရှိ ဂျီယာဘင်အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးတွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားရန် စီစဉ်ထားသည်ဟု ဒေသတွင်းမီဒီယာ ဗီအင်န် အိတ်စပရက်တွင် အောက်တိုဘာ ၂၄ ရက်က ဖော်ပြထားသည်။

အဆိုပါစီမံကိန်းသည် ဟတ်တာ ၁၉၀၀ ခန့်ကျယ်ဝန်းပြီး ပြေးလမ်းလေးခုပါဝင်ကာ ၂၀၃၀ ပြည့်နှစ်တွင် ခရီးသည်သန်း ၃၀၊ ၂၀၅၀ ပြည့်နှစ်တွင် ခရီးသည်သန်း ၅၀ အထိ ဝန်ဆောင်မှုပေးနိုင်မည့်နေရာနှင့် ကုန်တင်ကုန်ချနှင့် ထိန်းသိမ်းရေးစင်တာများ အပါအဝင် အထောက်အကူပြု အဆောက်အအုံများ ပါဝင်မည်ဖြစ်သည်။

ဂျီယာဘင် အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းအတွက် အဓိက အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် ဆောင်ရွက်ရန် မျှော်မှန်းထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဂျီယာဘင် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်မှုကို ဩဂုတ် ၁၉ ရက်က ဘက်နင်ပြည်နယ်တွင် စတင်ခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ် ၅၉၁ လုံး ပျက်စီး

ကိုလံဘို အောက်တိုဘာ ၂၄

သီရိလင်္ကာနိုင်ငံ၌ လက်ရှိတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် လူပေါင်း ၂၁၀၀၀ ကျော် ထိခိုက်ခဲ့ရကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုစင်တာ (ဒီအမ်စီ) က အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားသည်။

ဆိုးရွားပြင်းထန်သည့် ရာသီဥတုကြောင့် မိသားစု ၅၃၆၁ စုမှ လူပေါင်း ၂၁၇၇၈ ဦးကို ထိခိုက်ခဲ့ရပြီး လူလေးဦးသေဆုံးခဲ့ကြောင်း၊ နေအိမ် ၅၉၁ လုံးမှာလည်း ပျက်စီးသွားကြောင်း ဒီအမ်စီက ပြောကြားသည်။ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် အဓိက ရေလှောင်ကန် ၁၅ ခုမှာလည်း ရေလျှံခဲ့ကြောင်း ဆည်မြောင်းဌာနက ပြောကြားသည်။

ဆင်ဟွာ

# အစိုးရ၏ အစီအမံများက ဝယ်လိုအားကို လှုံ့ဆော်ပေးခဲ့သောကြောင့် တောင်ကိုရီးယား စီးပွားရေး အသင့်အတင့်နှုန်းဖြင့် တိုးတက်လာ




ဆိုးလ် အောက်တိုဘာ ၂၄

အစိုးရ၏ အစီအမံများက ဝယ်လိုအားကို လှုံ့ဆော်ပေးခဲ့သောကြောင့် တောင်ကိုရီးယား စီးပွားရေးသည် လွန်ခဲ့သည့် သုံးလပတ်တွင် ပို့ကုန်များ အားကောင်းလာမှုနှင့် အိမ်ထောင်စုသုံးစွဲမှု ပြန်လည်မြင့်တက်လာမှုတို့၏ ထောက်ပံ့မှုဖြင့် အသင့်အတင့်နှုန်းဖြင့် တိုးတက်လာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အာရှ၏ စတုတ္ထအကြီးဆုံး စီးပွားရေးဖြစ်သည့် တောင်ကိုရီးယားသည် ဒုတိယသုံးလပတ်တွင် တိုးတက်မှုနှုန်းကောင်းမွန်ခဲ့ပြီးနောက် ဇူလိုင်-စက်တင်ဘာ သုံးလပတ်တွင် ရာသီဥတုအခြေအနေအရ ချိန်ညှိပြီးနောက် ဝ ဒသမ ၉ ရာခိုင်နှုန်း တိုးချဲ့လာခဲ့သည်ဟု စီးပွားရေးပညာရှင် ၁၂ ဦး၏ ပျမ်းမျှခန့်မှန်းချက်အရ ခန့်မှန်းထားသည်။

အောက်တိုဘာလ ၂၀ ရက်မှ ၂၃ ရက်အထိ စစ်တမ်းကောက်ယူခဲ့သော စီးပွားရေးပညာရှင် ၁၈ ဦး၏ ပျမ်းမျှခန့်မှန်းချက်အရ ဧပြီ-ဇွန် ကာလတွင် ဝ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီးနောက် တစ်နှစ်ထက်တစ်နှစ် အသားတင် ပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။

"ခြုံငုံပြောရရင် ပြည်တွင်းဝယ်လိုအားက တဖြည်းဖြည်း တိုးတက်လာနေပြီး စားသုံးမှုကလည်း ဖြည်းဖြည်းချင်း ပြန်လည်ကောင်းမွန်လာတယ်။ အစိုင်အခဲချစ်ပ်ပြားဝယ်လိုအား အားကောင်းတာကြောင့် ပို့ကုန်တိုးတက်မှုကလည်း မျှော်မှန်းထားတာထက် ပိုကောင်းလာခဲ့သည်" ဟု အကြီးတန်းစီးပွားရေးပညာရှင် ကယ်လ်ဗင်လမ်က ပြောကြားခဲ့သည်။ "ဒါပေမယ့် ဆောက်လုပ်ရေးရင်းနှီးမြှုပ်နှံမှုကတော့ လုံးဝကျဆင်းနေသည်" ဟုလည်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

Mon

# ယခုနှစ် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုညီလာခံတွင် ရှင်းလင်းပြတ်သားသော ကတိကဝတ်များကို အာရုံစိုက်စေလို

ကိပ်တောင်း အောက်တိုဘာ ၂၄

လာမည့်လတွင် ဘရာဇီးနိုင်ငံ၌ ကျင်းပရန်သတ်မှတ်ထားသော ယခုနှစ် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ညီလာခံနှင့်ပတ်သက်၍ တောင်အာဖရိကနိုင်ငံသည် ဆုံးရှုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ရှင်းလင်းပြတ်သားသော ကတိကဝတ်များဖြင့် လုပ်ဆောင်ချက်အပေါ် အာရုံစိုက်သည့် ထိပ်သီးအစည်းအဝေးတစ်ခုကျင်းပရန် တောင်းဆိုနေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

နည်းပညာပိုင်းဆိုင်ရာနှင့် စွမ်းရည်တည်ဆောက်မှုဆိုင်ရာ အကူအညီများသည် ရန်ပုံငွေနှင့်အတူ ပါရှိရမည်ဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဆုံးရှုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများကို ထိထိရောက်ရောက် ရှောင်ရှားကာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် အားဖြည့်ပေးမည်ဖြစ်ကြောင်း ဂျော့ချ်က ပြောကြားသည်။

အာဖရိကသည် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုအတွက် ၎င်း၏ သမိုင်းကြောင်းဆိုင်ရာ တာဝန်ယူမှု အကန့်အသတ်ရှိခြင်းကို အသိအမှတ်ပြုရန် ဆက်လက်တောင်းဆိုသွားမည်ဖြစ်ပြီး ဘုံဖြစ်သော်လည်း ကွဲပြားသော တာဝန်ဝတ္တရားများနိယာမနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းနှင့် တရားမျှတသော အသွင်ကူးပြောင်းမှုများအတွက် အံဝင်ခွင်ကျဖြစ်စေသော အကူအညီများကို တောင်းဆိုသွားမည်ဟုလည်း ဝန်ကြီး ဒီယွန်ဂျော့ချ်က ပြောကြားခဲ့ကြောင်း သိရသည်။

Mon

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# ဟိုင်နန်ပြည်နယ်ရှိ ဝမ်ချန်းအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဆက်သွယ်ရေးနည်းပညာစမ်းသပ်ဂြိုဟ်တုအသစ် လွှတ်တင်

ပေကျင်း အောက်တိုဘာ ၂၄

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ် ဟိုင်နန်ပြည်နယ်ရှိ ဝမ်ချန်းအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဆက်သွယ်ရေးနည်းပညာစမ်းသပ် ဂြိုဟ်တုအသစ်တစ်လုံးကို ယမန်နေ့က အာကာသထဲသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ပေကျင်းစံတော်ချိန် ည ၁၀ နာရီ ၃၀ မိနစ်တွင် လောင်းမတ်ချ်-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သော အဆိုပါစမ်းသပ်ဂြိုဟ်တုသည် ၎င်း၏ ရည်ရွယ်ထားသည့်ပတ်လမ်းအတွင်းသို့ သတ်မှတ်ထားသော အချိန်အတွင်း ရောက်ရှိခဲ့သည်။

ယင်းဂြိုဟ်တုကို အဓိကအားဖြင့် ကြိမ်နှုန်းပေါင်းစုံနှင့် မြန်နှုန်းမြင့် ဆက်သွယ်ရေးနည်းပညာ အတည်ပြုစမ်းသပ်မှုများ ပြုလုပ်ရန်အတွက် အသုံးပြုမည်ဖြစ်သည်။

အဆိုပါ ဂြိုလ်တုလွှတ်တင်မှုအစီအစဉ်သည် လောင်းမတ်ချ်သယ်ဆောင်ရေးဒုံးပျံအုပ်စု၏ ၆၀၂ ကြိမ်မြောက် ပျံသန်းမှုဖြစ်ကြောင်း သိရသည်။

Mon



# အင်ဖက်၊ ငှက်ပျောဖက်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

**ပွင့်ဖြူ အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်း သာယာလှပစေရေး အတွက် ဈေးရောင်း၊ ဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးခြင်းနှင့် အင်ဖက်၊ ငှက်ပျောဖက်များ ဖြန့်ဝေပေးခြင်းကို ယမန်နေ့က ပွင့်ဖြူ မြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူ မြို့မစည်ပင် သာယာဈေးသို့ သွားရောက်၍ ဈေးရောင်း၊ ဈေးဝယ်များကို တွေ့ဆုံကာ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်း သာယာလှပစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသော ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်း မပြုကြရန်၊ ဈေးဝယ်လာပြည်သူများအနေဖြင့် မိမိတို့ နေအိမ်မှ ထည့်စရာ တစ်ခုခုကို တစ်ပါတည်း ယူဆောင်လာကြရန်၊ ဈေးရောင်းပြီးချိန်တိုင်း သန့်ရှင်းရေး စနစ်တကျ ဆောင်ရွက်ကြရန် စသည့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးလုပ်ငန်းများကို အသိပညာပေး ဆွေးနွေးပြောကြားကြသည်။



ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က သဘာဝပတ်ဝန်းကျင် သန့်ရှင်း သာယာလှပစေရေးအတွက် ပွင့်ဖြူ မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်း၊ဈေးဝယ်သူများအား ပလတ်စတစ်သုံးစွဲမှု လျှော့ချနိုင်ရေး အတွက် ဈေးရောင်း၊ဈေးဝယ်ရာ၌ အသုံးပြုရန် အင်ဖက်၊ ငှက်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကို လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။ (ခဲပုံ) (၄၄၅)



# မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၂၄**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေး မှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါး သုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို) (AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါး အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီ က မန္တလေး၊ ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးမျိုးလွင်က အမှာစကား ပြောကြားသည်။

ထို့နောက် အသင်း(ဗဟို) ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မူးယစ်သမိုင်းကြောင်းကို အသင်း(ဗဟို)ဘဏ္ဍာ ရေးမှူး ဒေါ်ခင်မေပိုင်က ဟောပြောပြီး မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းကို အသင်း(ဗဟို)အတွင်းရေးမှူး ဦးမြင့်သန်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးတို့က ဟောပြောကြပြီး အသင်း(ဗဟို)အမှုဆောင် ဒေါ်သင်းသင်းဦးက မူးယစ်ဆေးဝါးဆိုင်ရာ မေးခွန်းများကို မေးမြန်းကာ ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရဆုများ ပေးအပ်ချီးမြှင့်သည်။ ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၈၀ ဦး တက်ရောက်ကြကြောင်း သိရသည်။ (အပေါ်ပုံ) (၀၇၀)



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ကြီးကြပ်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းကျော်ဟိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက (AY) စက်သုံးဆီဆိုင်တွင် ဆီချခြင်းများအား စစ်ဆေးဆောင်ရွက်ခဲ့စဉ်။ (ကဆ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တောင်ကြီးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးကာ တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအနီး တောင်ကြီး-ဟိုပုံးကားလမ်း မိုင်တိုင်အမှတ်-၁၂၂ မိုင် ၇ ဖာလုံနှင့် ၁၂၃ မိုင်အကြား၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၈)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရှမ်းစုလေးကျေးရွာနေ ညီညီအောင်(၃၇)နှစ်ဆိုသူ မောင်းနှင်လာသည့် DONGFENG ၂၂ ဘီး ဆီဘောက်ဆာ မော်တော်ယာဉ်သည် တောင်ကြီးမှ ဟိုပုံးဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ လမ်းဘေးတွင် ရပ်တန့်ထားသည့် NIS-SAN DIESEL TRUCK ၁၂ ဘီး မော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့၍ ၁၂ ဘီး မော်တော်ယာဉ်အောက်၌ အိပ်နေသည့် အဆိုပါ မော်တော်ယာဉ်၏ ယာဉ်မောင်းဖြစ်သူ ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့နယ်နေ စိုးဝင်းလှိုင်(၄၅)နှစ်ဆိုသူအား ကြိတ်မိခဲ့သဖြင့် စိုးဝင်းလှိုင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ညီညီအောင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ညီညီအောင်ဆိုသူအား တောင်ကြီးမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးကို ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ရန်ကုန်-မော်လမြိုင် ကားလမ်း စစ်တောင်းတံတားသစ်၌ ဝေါမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကျိုက်ထိုမြို့မှ ဝေါမြို့ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်နေ နေလင်း(ခ)ရဲလင်းထက်(၄၃)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA VOXY မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် နေလင်း(ခ)ရဲလင်းထက်ဆိုသူအား ညောင်ခါးရှည်နယ်မြေရဲစခန်းမှ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊
ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

## ငါးပစ်ဂိမ်း လောင်းကစားသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၌ ငါးပစ်ဂိမ်း လောင်းကစားသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီး အရေးယူထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ ကောင်းမှုတံ့ရပ်ကွက်၊ မြေနီကားကြီးဝင်းရှိ အဆောက်အအုံအတွင်း၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအဆောက်အအုံအတွင်း၌ အဆိုပါရပ်ကွက်နေ သန္တာအေး(၄၁)နှစ်ဆိုသူအား ငါးပစ်ဂိမ်းစက်နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် သန္တာအေးဆိုသူအား မူဆယ်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## သည်းထိတ်ရင်ဖိုဇာတ်ကားဖြစ်သော်လည်း Final Girl ကို လှပစွာ ခြယ်မှုန်းထား




ဇာတ်လမ်း၊ ဇာတ်အိမ်ထူးခြားဆန်းပြားစွာ တင်ဆက်ပြသထားသည့် Final Girl ဇာတ်ကားသည် သည်းထိတ်ရင်ဖိုဇာတ်လမ်းကို နုရွလှပစွာ ရောင်စုံခြယ်မှုန်းပြသထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရုပ်ရှင်အစပိုင်းတွင် ရောင်စုံများနှင့် နုရွလှပစွာ ပုံဖော်၍ နောက်ပိုင်းတွင် သည်းထိတ်ရင်ဖိုဇာတ်လမ်းအဖြစ် တင်ပြထားသည်။

မိဘမဲ့တစ်ဦးအဖြစ် ရုပ်တည်နေရသည့် မိန်းကလေးက အွန်လိုင်းမှတစ်ဆင့် အစ်ကိုဖြစ်သူနှင့် ပြန်ဆုံခဲ့ပြီး အင်္ဂလန်တွင် ဆွေမျိုးများရှိကြောင်းပြော၍ လိုက်သွားရာမှ အစ်ကိုဆိုသူမှာ ကြောက်စရာအကြံအစည်ကို ဖုံးကွယ်ထားသူဖြစ်နေသည်။

သရုပ်ဆောင်များက ချောမောလှပရုံသာမက အနုပညာစွမ်းရည်ပါ ပြည့်ဝကြသူများဖြစ်၍ ပရိသတ်များ သည်းထိတ်ရင်ဖိုကြားမှ လှပစွာခြယ်မှုန်းထားပုံကို မြင်တွေ့ကြရသည်။ (SKY)



## မြေထဲပင်လယ် အစားအစာ စားသုံးသူများ သွားဖုံးရောင်ရမ်းမှု သက်သာဖွယ်ရှိ

မြေထဲပင်လယ်အစားအစာသည် သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ဂျုံ၊ စပါးတို့အပြင် ကျန်းမာရေးအတွက် ကောင်းမွန်သော အဆီဓာတ်များပါဝင်သည့် အစားအသောက်များကို အလေးပေးသဖြင့် စားသုံးသူအား နှလုံးရောဂါ၊ အာရုံကြောဆိုင်ရာ ချို့ယွင်းမှုများနှင့် အချို့သော ကင်ဆာများ အပါအဝင် အဓိကရောဂါများစွာ၏ ဖြစ်ပွားနိုင်ခြေကို လျှော့နည်းစေသည်။

ထိုအစားအစာများတွင် ပါဝင်သော အာဟာရဓာတ်များနှင့် အပင်မှရရှိသည့် ဒြပ်ပေါင်းများဖြစ်သည့် အဓိကအာဟာရဓာတ်များ၊ အသေးစားအာဟာရဓာတ်များနှင့် အပင်ဓာတုပစ္စည်းများက ရောင်ရမ်းမှုကို ထိန်းချုပ်ရန် ကူညီပေးခြင်းဖြစ်သည်။

အဆိုပါမြေထဲပင်လယ်ပုံစံ အစားအသောက်များစားသုံးခြင်း၏ အကျိုးကျေးဇူးနှင့်ပတ်သက်၍ သုတေသနပြုလေ့လာခဲ့ရာ သွားဖုံးရောဂါနှင့် ခံတွင်းဆိုင်ရာ ရောင်ရမ်းမှုကိုလည်း လျှော့ချနိုင်ခြေရှိသည်ဟု မကြာသေးမီက ဖော်ထုတ်တွေ့ရှိကြောင်း ဗြိတိန်နိုင်ငံ ဘုရင့်ကောလိပ်ပါရဂူဘွဲ့လွန်သုတေသီ ဒေါက်တာဂီဆက်ပေမိုင်နတ်စ်က ရှင်းလင်းပြောကြားခဲ့သည်။ (SCI)

## Lee Nayoung ဇာတ်ကားသစ်နှင့် ပြန်ရောက်လာ

အနုပညာရှင် လီနာယောင်းကို A Star is Born တွင် အမျိုးသားတစ်ဦးပုံစံနှင့် ပရိသတ်အားပေးထားကြရာမှ ဇာတ်ကားသစ်တွင် ပြန်လည်ပါဝင်ထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



လီနာယောင်းကို အတိတ်က ရုန်းမထွက်နိုင်သည့် ရှေ့နေအမျိုးသမီး ဇာတ်ရုပ်နှင့် မြင်တွေ့ကြရမည်ဖြစ်ပြီး ဆွီဒင်ဇာတ်လမ်းတွဲ Heder ကို ပြန်လည်ရိုက်ကူးထားသော ဇာတ်လမ်းတွဲတွင် ပါဝင်ထားသည်။

လီနာယောင်းနှင့်အတူ မင်းသမီး ဂျောင်အန်ချေလည်း ပါဝင်ထားကာ အမျိုးသမီးဇာတ်ရုပ်နှင့် လီနာယောင်း၏အလှကို ပရိသတ်စောင့်မျှော်နေကြသည်။

လီနာယောင်းသည် အနုပညာစွမ်းရည်ပြည့်ဝ၍ အမျိုးသားဇာတ်ရုပ် ပိုင်နိုင်သူလည်း ဖြစ်သည်။ (SKY)



## Baby Monster အဖွဲ့ကို အင်္ဂလိပ်ဗားရှင်းနှင့် ဂီတထုတ်လုပ်

ကေပေါ့ပ်ဂီတအဖွဲ့ ဘေဘီမွန်းစတား၏ ခေတ်ဟောင်းဂီတစတိုင်လ်ကို အင်္ဂလိပ်ဗားရှင်းနှင့် ထုတ်ပေးထားသည့် Hots Sauce ကို ပရိသတ်အံ့အားသင့်နေကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘေဘီမွန်းစတားအဖွဲ့မှ ခေတ်ဟောင်းဂီတစတိုင်လ်ဖြစ်သော်လည်း ဝိုင်ဂျီမှ အင်္ဂလိပ်ဗားရှင်းနှင့် ရှစ်ဆယ်ပြည့်နှစ် စတိုင်လ် ဂီတများက မျိုးဆက်သစ်များကြား အဆက်ပြတ်ခဲ့ရသော်လည်း အင်္ဂလိပ်ဗားရှင်းနှင့် လန်းဆန်းစွာ ထွက်ပေါ်လာခဲ့သည်။

ဝိုင်ဂျီ၏ပံ့ပိုးမှု ကေပေါ့ပ်အနုပညာရှင်များ၏ အစွမ်းကုန်ကြိုးစားမှုတို့ဖြင့် ဘေဘီမွန်းစတားအဖွဲ့၏ဆန်းသစ်မှုကို ရက်ပ် ဦးစားပေးထားပြီး ရသထူးကို ခံစားခဲ့ရ၍ ပရိသတ်အားပေးမှုကို တစ်ခဲနက် ရရှိထားသည်။ (SKY)

## Kuberaa ရုပ်ရှင်ဇာတ်ကား အောင်ပွဲခံနိုင်ခဲ့

အိန္ဒိယတောင်ပိုင်း ရုပ်ရှင် Kuberaa ဇာတ်ကားတွင် ဒနုရှ်၊ နာဂါရ်ဂျူနာနှင့် ရာရှ်မီကာတို့ အဓိကပါဝင်ထားပြီး ရုံတင်အပြီး၌ ပရိသတ်အားပေးမှုမြင့်မားစွာနှင့် အောင်ပွဲခံနိုင်ခဲ့ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ပါဝင်ထားသည့် အနုပညာသရုပ်ဆောင်တစ်ဦးချင်းစီ၏ လုပ်ကွက်များ ပြောင်မြောက်ခဲ့ကာ၊ အနုပညာစွမ်းရည်များ ချပြနိုင်ခဲ့၍ ပရိသတ်အားပေးမှု မြင့်မားစွာရရှိခဲ့သည်။

ဒနုရှ်မှာ ဘောလိဝုဒ်မင်းသမီး ကရီးတီးနှင့် ရှိုမန့်စ်တို့၏ ဒရာမာဇာတ်ကား Tere Ishk Mein ရိုက်ကူးလျက်ရှိရာ နိုဝင်ဘာလတွင် ထွက်ရှိမည်ဖြစ်သည့် တောင်ပိုင်းအနုပညာရှင်မင်းသား၏ အောင်မြင်မှုလည်း ဖြစ်သည်။ (SKY)




## G-Dragon ၏ Ubermensch ဂီတ တရုတ်တွင် ရောင်းအားအကောင်းဆုံးဖြစ်ခဲ့

ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်း၏ Ubermensch ဂီတမှာ တရုတ်နိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွက် ရောင်းအားအကောင်းဆုံးဖြစ်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်သည် အထင်ကြီးစရာ ကိန်းဂဏန်းများနှင့် ဇယားများစွာကို ဦးဆောင်နေကာ ဂီတလောကတွင် အားအင်တစ်ခုဖြစ်ကြောင်း ထပ်၍ သက်သေပြသွားခဲ့ရာ တရုတ်ပြည်တစ်လွှား ပရိသတ်ကို ဖမ်းစားနိုင်မှုအင်အားပြင်းထန်ခဲ့သည့် Ubermensch (742k) ရရှိထားသည်။

ဂျင်းနီ၏ Rubby က (569k)၊ ဒေဗစ်တောင်န်၏ မိုက်မဲသော ပေါ့သီချင်းများက(383k)၊ လျူဟန်၏ Seasons က(346k)၊ဂျီဆိုး၏ Amortage က (272k) နှင့် ဂျိုလင်တာအိုင်၏ Pleasure က(160k)နှင့် ဂျီဒရယ်ဂွန်က ထိပ်ဆုံး၌ရပ်တည်နေခဲ့သည်။ (SKY)




## ဂျပန်ယာကူဇာဂိုဏ်းစတားများအကြောင်း ရိုက်ကူးထားသည့် The Outsiders

ဂျပန်ယာကူဇာဂိုဏ်းစတားများအကြောင်းရိုက်ကူးထားသည့် The Outsiders ရုပ်ရှင်မှာ ပရိသတ်အားပေးမှုမြင့်မားစွာ ရရှိထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒုတိယကမ္ဘာစစ်အပြီး အမေရိကန် အမှုထမ်းဟောင်းတစ်ဦး ဂျပန်အကျဉ်းထောင်တစ်ခုတွင် ထောင်ကျနေရာမှ ဇာတ်ကိုစတင်ထားပြီး ထောင်ထဲတွင် ဂျပန်ယာကူဇာအဖွဲ့ဝင်တစ်ဦးနှင့် သိကျွမ်းခဲ့သည်။

ထောင်မှထွက်လာသည့်အခါ အမေရိကန်အမှုထမ်းက ယာကူဇာအဖွဲ့ထဲ ဝင်ရောက်ခဲ့ပြီးနောက် ဂျပန်ယာကူဇာတစ်ဦးအဖြစ် နေထိုင်ကျက်စားခဲ့ပုံအကြောင်း ရိုက်ကူးထားရာ ကမ္ဘာစစ်ပြီးစ ဂျပန်နိုင်ငံ၏ ယာကူဇာများဘဝအကြောင်း သိရှိခွင့်ရရှိခဲ့သည်။




အမေရိကန်အမှုထမ်းဟောင်း ယာကူဇာတစ်ယောက်အဖြစ် Sucide Squad ထဲမှ မင်းသား Thirty Seconds to Mars တီးဝိုင်းအဆိုတော် ဂျာဒ်လီတိုက သွေးအေးအေးမျက်နှာပေးနှင့် ပါဝင်သရုပ်ဆောင်ထားကြသည်။ (SKY)

## Another Love တူရကီဇာတ်လမ်း ဖြောင့်မတ်သည့် သတင်းသမားအကြောင်း ဖြစ်

ဖြောင့်မတ်သော သတင်းတင်ဆက်သူတစ်ဦးနှင့် ထက်မြက်သည့် ရှေ့နေမလေးတို့အချစ်အကြောင်း ရိုက်ကူးတင်ဆက်ထားသည့် Another Love မှာ တူရကီအချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ကြောင်း ရိုတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွင် ဇာတ်အိမ်ခိုင်မာမှုရှိပြီး ရိုက်ကွင်းရိုက်ချက်လှပမှုများနှင့် ဝေဆာစွာ တင်ပြထားရာ အမှန်တရားဘက်မှ အမြဲရပ်တည်၍ ဖြောင့်မတ်သတ္တိရှိသည့် နာမည်ကြီး သတင်းတင်ဆက်သူနှင့် ထက်မြက်သည့် ရှေ့နေမလေးတို့၏ ဇာတ်လမ်းဖြစ်သည်။

အချစ်ခရီးလမ်းတွင် အမှတ်မထင် တွေ့ဆုံရင်း သူတို့နှစ်ဦး၏ အချိုးအကွေ့ပေါင်းများစွာကို သေသပ်လှပစွာ ရိုက်ကူးတင်ဆက်ထားရာ ဇာတ်ရှိန်မကျဘဲ အဆုံးထိဆွဲခေါ်သွားနိုင်ခဲ့သည်။ (SKY)

# နိုင်ငံတကာ အားကစား သတင်းများ

## စကော့ကာဆင် ဘောလုံးကစားသမားဘဝမှ အနားယူ



**လန်ဒန် အောက်တိုဘာ ၂၄**

မန်စီးတီးအသင်း ဂိုးသမားဟောင်း စကော့ကာဆင်သည် ဘောလုံးကစားသမားဘဝမှ အနားယူခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ကစားသမားဘဝတစ်လျှောက်တွင် လီဗာပူး၊ မန်စီးတီး၊ အေဗီလာ၊ ဝက်စ်ဘရွန်း၊ ဝီဂန်၊ ဒါဘီစသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားခဲ့ပြီး အောင်မြင်မှုများ ရယူနိုင်ခဲ့သည်။

အသက်(၄၀)နှစ်အရွယ်ရှိ စကော့ကာဆင်က "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ဘောလုံးကစားခဲ့တဲ့အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**

## ဆွန်ဟောင်မင်ကို ခေါ်ယူရန် အေစီမီလန်အသင်း စိတ်ဝင်စား

**မီလန် အောက်တိုဘာ ၂၄**

စီးရီးအေကလပ် အေစီမီလန်အသင်းသည် လော့အိန်ဂျလိစ်အသင်း တိုက်စစ်မှူး ဆွန်ဟောင်မင်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လော့အိန်ဂျလိစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၀ပွဲကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ဆွန်ဟောင်မင်ကိုယ်တိုင်ကလည်း အေစီမီလန်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် လော့အိန်ဂျလိစ်အသင်းထံမှ ဆွန်ဟောင်မင်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## 2025 Guangzhou Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Shuai Zhang တက်ရောက်

**ပေကျင်း အောက်တိုဘာ ၂၄**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Guangzhou Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အိမ်ရှင် တရုတ်တင်းနစ်မယ် Shuai Zhang တက်ရောက်ခဲ့သည်။

အဆိုပါ အိမ်ရှင်တရုတ်တင်းနစ်မယ် Shuai Zhang သည် 2025 Guangzhou Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဆလိုဗေးနီးယားတင်းနစ်မယ် Veronika Erjavec ကို ၃-၆၊ ၆-၃၊ ၆-၂ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Guangzhou Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အိမ်ရှင် တရုတ်တင်းနစ်မယ် Shuai Zhang နှင့် အမေရိကန်တင်းနစ်မယ် Katie Volynets တို့ ယှဉ်ပြိုင် ကစားသွားမည် ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## မက်ဆီအင်တာမိုင်ယာမီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် အောက်တိုဘာ ၂၄**

အင်တာမိုင်ယာမီအသင်းသည် အသင်းတိုက်စစ်မှူး မက်ဆီကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ၂၀၂၃ မှ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၈၂ပွဲကစားပြီး ၇၁ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၈)နှစ်အရွယ်ရှိ မက်ဆီက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(ယာပုံ) (NGB)**



### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရိုက်ဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၀-၂၀၂၅ | (၂၀)ဂျီရိုနာ – အိုဗီအေဒို(၁၉) | ဂျီရိုနာ ၂-၁ အိုဗီအေဒို | ဂျီရိုနာ(အိမ်) | ၅ | ၁ | ၁ | ၃ | ၃ | ၁၀ |
| ည ၆:၃၀ နာရီ | (L,D,D,W,L) (L,L,W,L,L) | အိုဗီအေဒို ၀-၀ ဂျီရိုနာ | အိုဗီအေဒို(ဝေး) | ၄ | ၁ | - | ၃ | ၂ | ၆ |
| ၂၅-၁၀-၂၀၂၅ | (၆)အက်စ်ပန်ညို – အယ်လ်ချီ(၇) | အက်စ်ပန်ညို ၂-၀ အယ်လ်ချီ | အက်စ်ပန်ညို(အိမ်) | ၅ | ၃ | ၁ | ၁ | ၉ | ၇ |
| ည ၈:၄၅ နာရီ | (L,D,D,L,W) (W,D,W,L,D) | အယ်လ်ချီ ၂-၂ အက်စ်ပန်ညို | အယ်လ်ချီ(ဝေး) | ၄ | - | ၃ | ၁ | ၅ | ၇ |
| ၂၅-၁၀-၂၀၂၅ | (၈)ဘီလ်ဘာအို – ဂီတာဖေး(၁၂) | ဘီလ်ဘာအို ၁-၁ ဂီတာဖေး | ဘီလ်ဘာအို(အိမ်) | ၅ | ၃ | ၁ | ၁ | ၇ | ၅ |
| ည ၁၁:၀၀ နာရီ | (L,D,L,W,D) (L,D,D,L,L) | ဂီတာဖေး ၀-၂ ဘီလ်ဘာအို | ဂီတာဖေး(ဝေး) | ၅ | ၂ | - | ၃ | ၅ | ၉ |
| ၂၆-၁၀-၂၀၂၅ | (၁၄)ဗလင်စီယာ – ဗီလာရီးရဲလ်(၃) | ဗလင်စီယာ ၁-၁ ဗီလာရီးရဲလ် | ဗလင်စီယာ(အိမ်) | ၄ | ၂ | ၁ | ၁ | ၇ | ၃ |
| နံနက်၀၁:၃၀နာရီ | (W,D,L,L,D) (W,W,W,L,D) | ဗီလာရီးရဲလ် ၁-၁ ဗလင်စီယာ | ဗီလာရီးရဲလ်(ဝေး) | ၄ | ၁ | ၁ | ၂ | ၄ | ၇ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရိုက်ဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၀-၂၀၂၅ | (၁၃)အော့စ်ဘတ် – လိုက်ပဇစ်(၂) | အော့စ်ဘတ် ၀-၀ လိုက်ပဇစ် | အော့စ်ဘတ်(အိမ်) | ၃ | ၁ | - | ၂ | ၆ | ၈ |
| ည ၈:၀၀ နာရီ | (L,L,L,W,D) (W,W,W,D,W) | လိုက်ပဇစ် ၄-၀ အော့စ်ဘတ် | လိုက်ပဇစ်(ဝေး) | ၄ | ၂ | ၁ | ၁ | ၃ | ၇ |
| ။ | (၁၈)ဂလာဘတ် – ဘိုင်ယန်မြူးနစ်(၁) | ဂလာဘတ် ၀-၁ ဘိုင်ယန်မြူးနစ် | ဂလာဘတ်(အိမ်) | ၄ | - | ၂ | ၂ | ၄ | ၁၀ |
| | (L,D,L,D,L) (W,W,W,W,W) | ဘိုင်ယန်မြူးနစ် ၂-၀ ဂလာဘတ် | ဘိုင်ယန်မြူးနစ်(ဝေး) | ၃ | ၃ | - | - | ၁၀ | ၃ |
| ။ | (၇)ဖရန့်ဖတ် – စိန့်ပေါ်လီ(၁၄) | ဖရန့်ဖတ် ၂-၂ စိန့်ပေါ်လီ | ဖရန့်ဖတ်(အိမ်) | ၃ | ၁ | - | ၂ | ၇ | ၈ |
| | (L,L,W,L,D) (W,L,L,L,L) | စိန့်ပေါ်လီ ၀-၁ ဖရန့်ဘတ် | စိန့်ပေါ်လီ(ဝေး) | ၃ | ၁ | - | ၂ | ၂ | ၃ |
| ။ | (၁၁)ဟမ်းဘတ် – ဝုဖ်ဘတ်(၁၅) | ဟမ်းဘတ် ၀-၀ ဝုဖ်ဘတ် | ဟမ်းဘတ်(အိမ်) | ၃ | ၂ | - | ၁ | ၆ | ၈ |
| | (L,W,D,W,L) (D,L,L,L,L) | ဝုဖ်ဘတ် ၁-၃ ဟမ်းဘတ် | ဝုဖ်ဘတ်(ဝေး) | ၃ | ၁ | - | ၂ | ၄ | ၅ |
| ။ | (၈)ဟော်ဖန်ဟိမ်း – ဟိုင်ဒင်ဟိမ်း(၁၇) | ဟော်ဖန်ဟိမ်း ၁-၁ ဟိုင်ဒင်ဟိမ်း | ဟော်ဖန်ဟိမ်း(အိမ်) | ၃ | - | - | ၃ | ၂ | ၈ |
| | (W,L,D,L,W) (L,L,W,L,D) | ဟိုင်ဒင်ဟိမ်း ၀-၀ ဟော်ဖန်ဟိမ်း | ဟိုင်ဒင်ဟိမ်း(ဝေး) | ၃ | - | - | ၃ | ၁ | ၅ |
| ၂၅-၁၀-၂၀၂၅ | (၄)ဒေါ့မွန် – ကိုလုံး(၆) | ဒေါ့မွန် ၁-၀ ကိုလုံး | ဒေါ့မွန်(အိမ်) | ၃ | ၂ | ၁ | - | ၅ | ၁ |
| ည ၁၁:၀၀ နာရီ | (W,W,W,D,L) (D,L,L,W,D) | ကိုလုံး ၀-၄ ဒေါ့မွန် | ကိုလုံး(ဝေး) | ၄ | ၂ | ၁ | ၁ | ၆ | ၆ |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရိုက်ဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၀-၂၀၂၅ | (၅)ချဲလ်ဆီး – ဆန်းဒါးလန်း(၇) | ချဲလ်ဆီး ၅-၁ ဆန်းဒါးလန်း | ချဲလ်ဆီး(အိမ်) | ၄ | ၂ | ၁ | ၁ | ၅ | ၄ |
| ည ၈:၃၀ နာရီ | (D,L,L,W,W) (D,D,W,L,W) | ဆန်းဒါးလန်း ၀-၁ ချဲလ်ဆီး | ဆန်းဒါးလန်း(ဝေး) | ၄ | ၁ | ၁ | ၂ | ၁ | ၄ |
| ။ | (၁၄)နယူးကာဆယ် – ဖူလ်ဟမ်(၁၅) | နယူးကာဆယ် ၁-၂ ဖူလ်ဟမ် | နယူးကာဆယ်(အိမ်) | ၄ | ၂ | - | ၂ | ၆ | ၅ |
| | (W,D,L,W,L) (W,W,L,L,L) | ဖူလ်ဟမ် ၃-၁ နယူးကာဆယ် | ဖူလ်ဟမ်(ဝေး) | ၄ | - | ၁ | ၃ | ၃ | ၉ |
| ၂၅-၁၀-၂၀၂၅ | (၉)မန်ယူ – ဘရိုက်တန်(၁၀) | မန်ယူ ၁-၃ ဘရိုက်တန် | မန်ယူ(အိမ်) | ၄ | ၃ | - | ၁ | ၇ | ၄ |
| ည ၁၁:၀၀ နာရီ | (L,W,L,W,W) (L,D,W,D,W) | ဘရိုက်တန် ၂-၁ မန်ယူ | ဘရိုက်တန်(ဝေး) | ၄ | ၁ | ၁ | ၂ | ၅ | ၆ |
| ၂၆-၁၀-၂၀၂၅ | (၁၃)ဘရန့်ဖို့ဒ် – လီဗာပူး(၃) | ဘရန့်ဖို့ဒ် ၀-၂ လီဗာပူး | ဘရန့်ဖို့ဒ်(အိမ်) | ၄ | ၂ | ၁ | ၁ | ၆ | ၄ |
| နံနက်၀၁:၃၀နာရီ | (D,L,W,L,W) (W,W,L,L,L) | လီဗာပူး ၂-၀ ဘရန့်ဖို့ဒ် | လီဗာပူး(ဝေး) | ၄ | ၂ | - | ၂ | ၆ | ၆ |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရိုက်ဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၀-၂၀၂၅ | (၁၂)ဘရက် – PSG(၂) | ဘရက် ၂-၅ PSG | ဘရက်(အိမ်) | ၄ | ၁ | ၂ | ၁ | ၈ | ၆ |
| ည ၉:၃၀ နာရီ | (L,W,W,D,D) (W,L,W,D,D) | PSG ၃-၁ ဘရက် | PSG(ဝေး) | ၄ | ၂ | ၁ | ၁ | ၈ | ၅ |
| ၂၅-၁၀-၂၀၂၅ | (၇)မိုနာကို – တူးလော့(၈) | မိုနာကို ၂-၀ တူးလော့ | မိုနာကို(အိမ်) | ၄ | ၃ | ၁ | - | ၁၃ | ၇ |
| ည ၁၁:၃၀ နာရီ | (W,W,L,D,D) (L,L,D,W,W) | တူးလော့ ၁-၁ မိုနာကို | တူးလော့(ဝေး) | ၄ | ၂ | - | ၂ | ၄ | ၄ |
| ၂၆-၁၀-၂၀၂၅ | (၄)လန်းစ် – မာဆေး(၁) | လန်းစ် ၁-၃ မာဆေး | လန်းစ်(အိမ်) | ၄ | ၃ | - | ၁ | ၈ | ၃ |
| နံနက်၀၁:၃၀နာရီ | (L,W,D,W,W) (W,W,W,W,W) | မာဆေး ၀-၁ လန်းစ် | မာဆေး(ဝေး) | ၄ | ၂ | - | ၂ | ၅ | ၃ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရိုက်ဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၀-၂၀၂၅ | (၁၅)ပါးမား – ကိုမို(၆) | ပါးမား ၀-၁ ကိုမို | ပါးမား(အိမ်) | ၃ | ၁ | ၁ | ၁ | ၃ | ၃ |
| ည ၇:၃၀ နာရီ | (L,D,W,L,D) (D,W,D,D,W) | ကိုမို ၁-၁ ပါးမား | ကိုမို(ဝေး) | ၃ | ၁ | ၁ | ၁ | ၃ | ၃ |
| ။ | (၁၁)အူဒီးနီးစ် – လက်ချီ(၁၆) | အူဒီးနီးစ် ၁-၀ လက်ချီ | အူဒီးနီးစ်(အိမ်) | ၃ | - | ၂ | ၁ | ၂ | ၅ |
| | (W,L,L,D,D) (L,L,D,W,D) | လက်ချီ ၀-၁ အူဒီးနီးစ် | လက်ချီ(ဝေး) | ၃ | ၁ | ၁ | ၁ | ၂ | ၄ |
| ၂၅-၁၀-၂၀၂၅ | (၃)နာပိုလီ – အင်တာမီလန်(၂) | နာပိုလီ ၁-၁ အင်တာမီလန် | နာပိုလီ(အိမ်) | ၃ | ၃ | - | - | ၆ | ၃ |
| ည ၁၀:၃၀ နာရီ | (W,W,L,W,L) (L,W,W,W,W) | အင်တာမီလန် ၁-၁ နာပိုလီ | အင်တာမီလန်(ဝေး) | ၃ | ၂ | - | ၁ | ၆ | ၄ |
| ၂၆-၁၀-၂၀၂၅ | (၁၀)ခရီမိုနီ – အတ္တလန္တာ(၈) | ခရီမိုနီ ၁-၃ အတ္တလန္တာ | ခရီမိုနီ(အိမ်) | ၃ | ၁ | ၂ | - | ၄ | ၃ |
| နံနက်၀၁:၄၅နာရီ | (D,D,D,L,D) (W,W,D,D,D) | အတ္တလန္တာ ၁-၁ ခရီမိုနီ | အတ္တလန္တာ(ဝေး) | ၃ | ၁ | ၂ | - | ၅ | ၂ |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၅-၁၀-၂၀၂၅ | ညနေ ၃:၃၀ နာရီ | (၆)အား/ကာသိပ္ပံ – သစ္စာအားမာန်(၈) | အား/ကာသိပ္ပံ ၀-၅ သစ္စာအားမာန် |
| စနေနေ့ | | (W,L,D,D,W) (L,D,W,W,L) | သစ္စာအားမာန် ၁-၄ အား/ကာသိပ္ပံ |
| ။ | ညနေ ၄:၀၀ နာရီ | (၁)ရန်ကုန် – ဟံသာဝတီ(၄) | ရန်ကုန် ၁-၁ ဟံသာဝတီ |
| | | (W,W,L,W,W) (D,W,W,D,D) | ဟံသာဝတီ ၂-၂ ရန်ကုန် |

## လူထုအခြေပြုဗဟိုဌာန၌ စားသုံးသူကာကွယ်ရေးအကြောင်း သိကောင်းစရာများ ဆွေးနွေး

**သာစည် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ Online မှတစ်ဆင့် စားသုံးသူကာကွယ်ရေးအကြောင်း အသိပညာပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၀နာရီခွဲက ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းနှင့် စားသုံးသူရေးရာဦးစီးဌာန သာစည်မြို့နယ် တာဝန်ခံ ဒေါ်ဖြူဖြူထွန်းတို့က စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းများ၊ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းပြီး အကာအကွယ်ပေးဆောင်ရွက်နေမှုများ၊ စားသုံးသူအခွင့်အရေးများ၊ စားသုံးသူများအနေဖြင့် တိုင်ကြားနိုင်သည့် အကြောင်းအရာများနှင့်တိုင်ကြားနိုင်သည့် လိပ်စာများ၊ ဖုန်းနံပါတ်များ၊ Online မှတစ်ဆင့် တိုင်ကြားနိုင်သည့် website၊ application၊ Call centre တို့နှင့် စားသုံးသူများအနေဖြင့် ကုန်စည်ဝယ်ယူသုံးစွဲသည့်အခါ ကုန်စည်ပေါ်တွင် မြန်မာစာဖြင့် ပါရှိရမည့် ကုန်အညွှန်းအမှတ်အသားများကို သိရှိနားလည်ထားရန်နှင့် လုပ်ငန်းရှင်များကလည်း မြန်မာစာဖြင့် ကုန်အညွှန်းအမှတ်အသားများကို ပြည့်စုံစွာ ဖော်ပြခြင်းဖြင့် လိုက်နာဆောင်ရွက်သွားကြရန်တို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၇)






## ကျောက်ဆည်၊ မြစ်သား၊ ကူမဲမြို့များတွင် စားအုန်းဆီတစ်ပိဿာငွေကျပ် ၇၆၉၀ ဖြင့် ရောင်းချပေး

**ကျောက်ဆည် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ မြစ်သား၊ ကူမဲမြို့များတွင် ယမန်နေ့က စားအုန်းဆီ တစ်ပိဿာငွေကျပ် ၇၆၉၀ ဖြင့် ပြည်သူများအား စားအုန်းဆီ ၇၇၀ ပိဿာ ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာ၌ ကျောက်ဆည်မြို့နယ် ကျီးအိပ်ကျေးရွာပြည်သူများအတွက် ဒေါ်သဇင်အောင်(နေလသုခ) စားသုံးဆီ လက်လီလက်ကားရောင်းဝယ်ရေးဆိုင်မှ စားအုန်းဆီ ၃၄၂ ပိဿာ၊ မြစ်သားမြို့ မြို့မအရှေ့ရပ်ကွက် ပြည်သူများအတွက် ဒေါ်ဇာဇာအေး(ဒေါ်ဇာ) စားသုံးဆီလက်လီလက်ကား ရောင်းဝယ်ရေးဆိုင်မှ စားအုန်းဆီ ၂၈၈ ပိဿာ၊ ကူမဲမြို့ အမှတ်(၂)ရပ်ကွက်နှင့် မိုင်းလမ်းရွာ ပြည်သူများအတွက် ဦးရှိုင်းဝဏ္ဏ စားသုံးဆီလက်လီလက်ကားရောင်းဝယ်ရေးဆိုင်မှ စားအုန်းဆီ ပိဿာ ၁၄၀၊ စုစုပေါင်း ၇၇၀ ပိဿာကို တစ်ပိဿာလျှင် ငွေကျပ် ၇၆၉၀ ဖြင့် ရောင်းချပေးခဲ့ကြောင်း ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ သိရသည်။

(အပေါ်ပုံ)

(၄၈၅)

## စိတ်ကြိုက်ပန်းချီ၊ ကဗျာရွတ်၊ ပုံပြင်ပြောပြိုင်ပွဲများ ကျင်းပ

**ပုသိမ်ကြီး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Centre ပံ့သုကျိခန်းမ၌ အောက်တိုဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီက ကျောင်းသား၊ ကျောင်းသူများအား အတန်းပညာသာမက စာပေဗဟုသုတအပြင် အခြားအသိပညာများ ရရှိစေရန် ရည်ရွယ်၍ စိတ်ကြိုက်ပန်းချီ၊ ကဗျာရွတ်၊ ပုံပြင်ပြော စသည့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇင်မင်းထွန်းက တက်ရောက်လာသည့် အ.ထ.က ပုသိမ်ကြီး Grade-6 ကျောင်းသား၊ ကျောင်းသူများအား စာစီစာကုံး၊ ပုံပြော၊ ကဗျာရွတ်၊ စိတ်ကြိုက်ပန်းချီ၊ ဆေးရောင်ခြယ် စသည့် ပြိုင်ပွဲများအပြင် စာအုပ်စာစောင်ပြပွဲ၊ စာဖတ်ဝိုင်းစသည်တို့ကို ကျင်းပပေးမည်ဖြစ်ကြောင်းနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အ.ထ.က ပုသိမ်ကြီး အလယ်တန်းပြ ဆရာမဒေါ်သဲအေးသန့်စင်နှင့် Grade -6 ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲ၊ ပုံပြင်ပြော၊ ဆေးရောင်ခြယ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၉၅)

၀-၀-၀-၀-၀

## ဆောင်းနေကြာ ဧက ၁၂၀၀ ကျော် လျာထားစိုက်ပျိုးမည်

**ကျွန်းလှ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ပြည်တွင်းစားသုံးဆီဖူလုံစေရန်၊ ပြည်ပစားသုံးဆီတင်သွင်းမှု လျှော့ချစေရန်အတွက် ယခုနှစ်ဆောင်းရာသီ၌ နေကြာဧက ၁၂၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ်ဆောင်းရာသီ နေကြာစိုက်ပျိုးဖို့ ဧက ၁၂၀၀ ကျော် လျာထားပါတယ်။ နေကြာကို မိုးရာသီနဲ့ ဆောင်းရာသီမှာ စိုက်ပျိုးကြပြီး ဆောင်းရာသီမှာ အဓိကထားစိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရာမှာ သီးသန့်စိုက်ပျိုးကြသလို လယ်ရိတ်သိမ်းပြီး သီးထပ်လည်းစိုက်ပျိုးကြပါတယ်။ နေကြာတိုးချဲ့စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ နေကြာစိုက်ပျိုးကြသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅ - ၂၀၂၆ ခုနှစ်၊ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာစိုက်ပျိုးရန် ၁၂၃၆ ဧကလျာထားကြောင်း၊ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ဆင်းရွှေကြာ-၂၊ ရေဆင်း-၁နှင့် ဒေသမျိုးများ စိုက်ပျိုးကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၀)



## စာဖတ်ရှိန်မြင့်တင်ရေးပွဲတော် အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မိတ္ထီလာခရိုင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးပွဲတော် အကြို အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲမစတင်မီ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲကို ကျင်းပရာ မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြိုင်ပွဲဝင်ကျောင်းသူ၊ ကျောင်းသား ၁၁၄ဦးက ပါဝင်ယှဉ်ပြိုင်ကြသည်။ ပါဝင်ယှဉ်ပြိုင်သူများထဲမှ အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်သူ ငါးဦးအား အကဲဖြတ်ဒိုင်အဖွဲ့က ပြိုင်ပွဲစည်းကမ်းချက်များနှင့်အညီ အကဲဖြတ်၍ ဆုချီးမြှင့်ရန် ရွေးချယ်မည်ဖြစ်သည်။

အဆိုပါ ဆုရရှိသူများအား အောက်တိုဘာလ ၂၉ ရက်တွင် အထက(၁)၌ကျင်းပမည့် ခရိုင်ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးပွဲတော်တွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

(၄၅၃)

## မိုးစပါး(အောင်နိုင်တိုး)စံကွက်ရိတ်သိမ်း

**သရက် အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ကိုးပင်အုပ်စု မုဋ္ဌလီကျေးရွာ၌ ကွင်းအမှတ်(၅၂)၊ ဦးပိုင်(၂၅၃) တောင်သူ ဦးလှသိန်း၏လယ်မြေ ၁ ဒသမ ၀၀ ဧက၌ မိုးစပါး(အောင်နိုင်တိုး) စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

စံကွက်ရိတ်သိမ်းရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးမြင့်စိုးက စံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

ထို့နောက် (၆၆ပေ×၆၆ပေ) အရွယ် စံကွက်ရိတ်သိမ်းခဲ့ပြီး တစ်ဧကအစိုတင်း ၁၄၀၊ အခြောက် ၁၂၆တင်း ထွက်ရှိခဲ့သည်။ ယခင်နှစ် အောင်တိုးစပါးစိုက်ပျိုးခဲ့မှုမရှိကြောင်း၊ ယခုနှစ် ၂၀၂၅-၂၀၂၆ ခုနှစ်စ၍ စိုက်ပျိုးခဲ့ရာ စိုက်ဧက ၂၀၁ ဧကရှိပြီး ယခုနှစ်တွင် အောင်နိုင်တိုးဧက၂၀ စံပြကွက်စိုက်ပျိုးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခင်နှစ်များထက် အထွက်နှုန်းသိသာစွာ ပိုထွက်ရှိခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နေအောင်က ပြောသည်။ **(အောက်ပုံ)**

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စိုက်/ကြပ်များ၊ ကျေးရွာတောင်သူများ၊ စိုက်ပျိုးရေးနှင့်မြေစာရင်းဌာနတို့မှ ဝန်ထမ်းများ စုစုပေါင်း ၁၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# လူထုအခြေပြုဗဟိုဌာန၌ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး အသိပညာပေး Talk show ကျင်းပ

**မကွေး အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး အသိပညာပေး Talk Show ဆွေးနွေးပွဲကို မကွေးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က မကွေးမြို့နယ်၌ စိုက်ပျိုးလျက်ရှိသော သီးနှံများအကြောင်း စိုက်နည်း၊ ပျိုးနည်းမှန်ကန်ရေးအတွက် စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရမည်နည်းလမ်းများအကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေး ဆောင်ရွက်နေမှုများကို ဆွေးနွေးမေးမြန်းရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးခိုင်မင်းက မကွေးမြို့နယ်အတွင်း စပါး အခြေခံသီးနှံပုံစံဖြင့် စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံတို့ကို အောင်မြင်နိုင်သော သီးနှံပုံစံ အမျိုးမျိုးဖြင့် စိုက်ပျိုးနေမှု အခြေအနေ၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားလျက်ရှိကြောင်း၊ GAP လက်မှတ်ရရှိစေရန် ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ်များ လိုက်နာဆောင်ရွက်ပြီး စားသုံးသူများ အစားအစာဘေးကင်းလုံခြုံစေရန်နှင့် တောင်သူများဝင်ငွေတိုးတက်စေရေးအတွက် ဆွေးနွေးပွဲများ၊ လိုအပ်မှသာ ဓာတုပိုးသတ်ဆေးကို စနစ်တကျအသုံးပြုနိုင်ရေးပညာပေးဆောင်ရွက်မှု၊ သိပ္ပံနည်းကျစိုက်ပျိုးစနစ်များ၊ လိုက်နာကျင့်သုံးရေးအသိပညာပေး ဆွေးနွေးမှုများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအပြင် တောင်သူများ လက်တွေ့လိုက်နာကျင့်သုံးနိုင်စေရေး တောင်သူအသိပညာပေးသင်တန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ Talk Show ဆွေးနွေးပွဲကို မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖန်းခါမြေpageနှင့် Telegram၊ မကွေးခရိုင် ပြည်သူ့စာကြည့်တိုက်FacebookPage တို့တွင် လွှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)






# မြင်းခြံတက္ကသိုလ်၌ ဒေသဖွံ့ဖြိုးရေးသုတေသနဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် သုတေသနစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မြင်းခြံ အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံတက္ကသိုလ်တွင် "ဒေသဖွံ့ဖြိုးရေး သုတေသနဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် သုတေသနစကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြင်းခြံတက္ကသိုလ် ပါမောက္ခချုပ်က အဖွင့်အမှာစကားနှင့် သုတေသနစကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ သုတေသနစကားဝိုင်းကို ကျင်းပခဲ့ရာ Humanity and Social Science ဘာသာရပ်များ ဆိုင်ရာ စကားဝိုင်းနှင့် "Natural Science" ဘာသာရပ်များဆိုင်ရာ စကားဝိုင်းများကို ဆရာကြီး၊ ဆရာမကြီးများက ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြင်းခြံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

အဆိုပါ သုတေသနစကားဝိုင်းဆွေးနွေးပွဲသို့ မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံ၊ ဘဏ္ဍာ(ဌာနမှူး)၊ သင်တန်းရေးရာဌာနမှ မော်ကွန်းထိန်း၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ စုစုပေါင်း ၂၀၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၃၆၆)

# မြေနဲလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ညောင်ဦး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မြေနဲလေး ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှုများကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာမှ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ မြေနဲလေးကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် လမ်းအရှည်(၀/၆)မိုင်အား လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့် နှစ်ပေ ကိုးလက်မ မြေသားတင် ဂျင်းခင်းခြင်းကုန်ထုတ်လမ်း ၉၅ ရာခိုင်နှုန်း ဖောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မြေနဲလေးကျေးရွာ၌ လမ်းအရှည်(၀/၆)မိုင်အား လမ်း အကျယ် ၁၂ ပေ ၊ လမ်းအမြင့် နှစ်ပေကိုးလက်မ မြေသားတင် ဂျင်းခင်းခြင်းအမျိုးအစားကုန် ထုတ်လမ်းဖောက်လုပ်ခြင်း၊ Slab Culvert သုံးစင်းနှင့် ရေကျော်တံတားတစ်စင်း တည်ဆောက်ခြင်းကို ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၆၃ ဒသမ ၁၈၀ သန်းဖြင့် လင်းယုန်အားမာန်ကုမ္ပဏီက ယခုနှစ် ဇွန် ၁ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

ယင်းကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက မြေနဲလေးကျေးရွာရှိ စိုက်ပျိုးလယ်မြေများကို အဆင်ပြေစွာ စိုက်ပျိုးနိုင်မည့်အပြင် စိုက်ခင်းများမှ ထွက်ရှိလာသော လယ်ယာထွက်ကုန်သီးနှံများကိုလည်း ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

(ဝဲပုံ)

(၄၄၅)

၀-၀-၀-၀-၀

၀-၀-၀-၀



# သီးနှံစုံ ၂၃၇၆ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် တိုက်နယ်(၁၂) ခုရှိပြီး ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီ၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဩဂုတ်လကုန်အထိ တိုက်နယ်(၁၀)တွင် မိုးစပါးအပြင် သီးနှံစုံ ၂၃၇၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

တိုက်နယ်(၁၀)တွင် မင်းစု၊ စပါယ်တော၊ ရွှေအင်း၊ လေးဆယ်ကုန်း၊ တောတွင်၊ မြေစိုပယ်စသည့် ကျေးရွာအုပ်စုပေါင်း(၆) အုပ်စုပါဝင်ပြီး ပဲတီစိမ်း ၃၄၃ ဧက၊ အခြားပဲ ၅၈၆ ဧက၊ ဖူးစားပြောင်း ၁၂၉ ဧက၊ နှံစားပြောင်း ၁၇၈ ဧက၊ ငှက်ပျောငါးဧက၊ ငရုတ် ၈၄ ဧက၊ နနွင်းဧက ၆၀၊ နေကြာဧက ၂၀၊ သရက် ၂၃၅ ဧက၊ ဟင်းသီးဟင်းရွက် ၂၉၅ ဧက၊ ကွဲ၊ နှမ်းစာ ၄၄၁ ဧက စုစုပေါင်း ၂၃၇၆ ဧက စိုက်ပျိုးပြီးဖြစ်သည်။

မိုးသီးနှံများ စိုက်ပျိုးရာ၌ ရေမြေဒေသအလိုက် ဆည်ရေများ၊ မြေအောက်ရေများ၊ မိုးရေများဖြင့် စိုက်ပျိုးကြပြီး စိုက်ပျိုးသီးနှံများ အောင်မြင်ရေး ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)

၀-၀-၀-၀-၀



**'ဂီတတေးသီချင်းများကို ဘုရားတောင် ပယ်တော်မမူ ပုဗ္ဗာရုံကျောင်းအမ သူပြုရတဲ့ ကုသလ ကြည်ဖြူ ... ပဉ္စသိခ်နတ်ဒေဝါ ... တံတျာတေးသံကြူ မြတ်စွာဘုရားရှေ့တီးတော်မူ စောင်းတော်ကို ညင်းကာယူ(ညင်းကာယူ)... လျှော့လိုက်ဦးကွယ့် မိန့်တော်မူ(မိန့်တော်မူ)...'**

စာရေးသူတို့ငယ်စဉ်က နန်းတော်ရှေ့ဆရာတင် ရေးသားသီကုံးပြီး အဆိုတော် မကြည်အောင် သီဆိုခဲ့တဲ့ 'ပဉ္စသိခ်' သီချင်းထဲက စာသားလေးတွေကို ရေဒီယိုကနေ ကြားဖူးခဲ့တာဖြစ်ပါတယ်။ အဲ့ဒီသီချင်းရဲ့ အဓိကဆိုလိုချက်ကတော့ ဘုရားကိုယ်တော်တိုင် ဂီတတေးသီချင်းကို မပစ်ပယ်ဘူးလို့ တေးရေးဆရာက စပ်ဆိုထားတာပါ။ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသရဲ့ တရားတော်ထဲမှာ ဘုရားကိုယ်တော်တိုင်က ပဉ္စသိခ်နတ်သားရဲ့ သာယာတဲ့အသံကို ချီးကျူးခဲ့ဖူးကြောင်း ဒါပေမဲ့ အသံကို ချီးကျူးတာနဲ့ မပစ်ပယ်ဘူးလို့ဘဲပြောတာ။ ဒီအပေါ်မှာ နှစ်သက်မှု၊ တပ်မက်မှု တဏှာတော့ မပါဘူးလို့ နာကြားခဲ့ရပါတယ်။ တော်ကြာ ဘုရားကတောင် ဂီတတွေ၊ သီချင်းတွေကို သဘောကျတယ်လို့ တလွဲတွေးနေမှာစိုးလို့။ ကောင်းပြီ ဒါတွေကို ဘာကြောင့်ပြောနေရတာလဲလို့ တွေးနေကြမှာပါ။ သာမန်ဆိုရင်တော့ ပြောစရာအကြောင်းမရှိပေမယ့် အခုတော့ ရေးစရာအကြောင်း ဆုံလာလို့ပါ။ ဘယ်လို အကြောင်းဆုံလာတာလဲဆိုရင် မန္တလေးမှာ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်း ငလျင်ကြီးကြောင့်ပါ။

ငလျင်ကြီးဒဏ်ကြောင့် မန္တလေး၊ အမရပူရ၊ အင်းဝနဲ့ စစ်ကိုင်းတစ်ခွင် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်တွေ ပြိုပျက်ခဲ့ရပါတယ်။ အဲ့ဒီအပြိုအပျက်တွေကို ရှင်းလင်းကြတော့ ကျွန်တော်တို့ ဘိုးဘေးတွေ ထည့်သွင်းဌာပနာခဲ့ကြတဲ့ အမွေအနှစ်တွေ တွေ့လာရတယ်။ အဲ့ဒီအခါ မသိတာတွေ ဖြည့်စွက်ပြီး သိလာခဲ့ရသလို ထူးခြားတဲ့ အသစ်တွေလည်း များစွာတွေ့လာရပါတယ်။ အဲ့ဒါတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ပြည်သူတွေ ဗဟုသုတဖြစ်စေဖို့ ရေးသားတင်ပြခဲ့ပါတယ်။ သို့သော် အခုတင်ပြမှာက အသစ်မဟုတ်ပေမယ့် အနှစ်ပါနေတဲ့ အကြောင်းအရာလေးတစ်ခုကို ဌာပနာထဲက တွေ့လာရလို့ပါ။

ဗုဒ္ဓဘာသာဝင် အားလုံးနီးပါး သိကြပြီးဖြစ်တဲ့ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်ပြီး ဒုက္ကရစရိယာကျင့်တော်မူတဲ့ ဗုဒ္ဓဝင်ဇာတ်ကို ကြေးနဲ့သွန်းလောင်းထားတဲ့ ရုပ်တုအစုလေးကို အမရပူရမြို့ပေါင်း၊ မှန်တန်းရပ်မှာ တည်ထားခဲ့တဲ့ ဆုတောင်းပြည့်စေတီ ငလျင်ကြောင့် ပြိုပျက်ရာက တွေ့လာခဲ့ရပါတယ်။ ကြေးသွန်းရုပ်လေးတွေရဲ့ အနုလက်ရာအကြောင်း မတင်ပြမီ ဇာတ်ကြောင်းလေးကို အကျဉ်းအားဖြင့် တင်ပြပါရစေ။ ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ သက်တော် ၂၉ နှစ်အရောက် နတ်တွေဖန်ဆင်းပြတဲ့ နိမိတ်ကြီးလေးပါးကို တွေ့မြင်လို့ သတိသံဝေဂရပြီး အဲ့ဒီညမှာပဲ ထီးနန်းစည်းစိမ်တွေကို စွန့်ခွာပြီး လောကရဲ့ သဘာဝအမှန်တရားကို ရှာဖွေဖို့ တောထွက်ကာ သူတကာတွေ ကျင့်နိုင်ခဲ့တဲ့ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင် ကျင့်ကြံအားထုတ်တော်မူခဲ့ပါတယ်။ အဲဒီလိုကျင့်တဲ့အတွက် အလောင်းတော်ရဲ့ ခန္ဓာကိုယ်ဟာနေလောင်ထားတဲ့ ဘူးသီးခြောက်သဖွယ် ကျောပြင်နဲ့ ဝမ်းပြင်တစ်သားတည်းကဲ့သို့ ပိန်ချုံးပြီး အားအင်ချည့်နဲ့ကာ လဲကျတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ အဲ့ဒါကိုမြင်တဲ့ နတ်တွေကတောင်

# မန္တလေးနဲ့ငလျင် ( ဌာပနာအမွေအနှစ်များ-၁၆ )


ဒုက္ကရစရိယာ ကြေးသွန်း


ဒုက္ကရစရိယာ သဲကျောက်

ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးထံ အလောင်း တော် အကျင့်လွန်ပြီး အသက်ဆုံးတယ်ဆိုပြီး အကြောင်းကြားတော့ မင်းကြီးက သူ့သားတော် ဘုရားမဖြစ်ဘဲ သေဆုံးတယ်ဆိုတာ မဖြစ်နိုင်ကြောင်း ပြန်ပြောခဲ့ကြောင်း ဗုဒ္ဓဝင်မှာ အတိအလင်း ပါရှိပါတယ်။ ဒီနေရာအထိ အဆင်ပြေနေပါသေးတယ်။

ဒါပေမဲ့ ဗုဒ္ဓဝင်ထဲမှာ မပါတဲ့ ပဉ္စသိခ်နတ်သားက ဗေလုဝစောင်းနဲ့ရောက်လာပြီး စောင်းတီးကာ ဘုရားအလောင်းတော်ကို သတိပေးခဲ့တယ်ဆိုပြီး ဂီတပညာရှင်တွေက ဖန်တီးလာခဲ့ကြပါတယ်။ အဲဒီဖန်တီးချက်ဟာ ကျွန်တော်တို့ မြန်မာမှုနယ်ပယ်မှာ အတော်လေးကို ဘယ်လောက်များ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်လာခဲ့တယ်ဆိုတာကို အခုတွေ့ရတဲ့ ဗုဒ္ဓဝင်ဌာပနာ ကြေးသွန်းရုပ်တုလေးတွေက ဖော်ပြနေပါတယ်။ အဲဒီတော့ စဉ်းစားကြည့်ရင် ပါရမီတော်တွေ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့တဲ့ ဘုရားအလောင်းတော်လို ပုဂ္ဂိုလ်ကို ပဉ္စသိခ်ကဲ့သို့ သာမန်ပုထုဇဉ်နတ်သားက အကျင့်လွန်နေပါတယ်ဆိုပြီး ဗေလုဝနတ်စောင်းနဲ့ ကြိုးတင်းပြီးတစ်ခါ ကြိုးလျှော့ချည်တစ်လှည့်နဲ့ စောင်းတီးခတ်ပြီး သတိပေးခဲ့ရတယ်ဆိုတာ သဘာဝကျရဲ့လားလို့ စောဒကတက်ဖွယ် ဖြစ်နေပါတယ်။ ထပ်ပြီး စောဒကတက်စရာက အလောင်းတော်ဘုရားမဖြစ်သေးတဲ့အတွက် မာရ်နတ်ကလည်း လာမဖျက်သေးသလို ဗေလုဝနတ်စောင်းကလည်း ပဉ္စသိခ်နတ်သားဆီ မရောက်သေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ဗေလုဝနတ်စောင်းရဲ့ မူလပိုင်ရှင်ဟာ မာရ်နတ်ဖြစ်ပြီး ဘုရားမဖြစ်ဖို့ ပလ္လင်လုရင်း သူ့ရဲ့ စစ်သည်တွေနဲ့ သွားရောက်စစ်ထိုးရာက အရှုံးကြီးရှုံးပြီး ထွက်ပြေးစဉ် သူ့ရဲ့ဗေလုဝနတ်စောင်း ကျကျန်ခဲ့ပါတယ်။ အဲ့ဒီတော့မှ အဲဒီနတ်စောင်းကို အသံကောင်းပြီး တေးဂီတဝါသနာရှင် ပဉ္စသိခ်နတ်သားနဲ့သာ သင့်တော်တယ်ဆိုပြီး ပေးအပ်ခဲ့တာပါ။ ဒီတော့ပဉ္စသိခ်နတ်သားထံ ဗေလုဝနတ်စောင်းရောက်တာ ဒုက္ကရစရိယာအကျင့်က မှားနေမှန်းသိလို့ ကမ္မဋ္ဌာန်းကနေထွက်ပြီး အာနာပါနသတိကျင့်နေချိန် ဘုရားဖြစ်လုနီးအချိန်မှပါ။ သေချာပြောမယ်ဆိုရင် သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ပြီးမှလို့ သုံးသပ်ရပါတယ်။ နောက်တစ်ချက်ကလည်း ဘုရားအလောင်းတော်ရဲ့ ဒုက္ကရစရိယာအကျင့်ဟာ အစွန်းရောက်နေတယ်၊ မရောက်ဘူးဆိုတာ ပဉ္စသိခ်လို သာမန်နတ်အဆင့်က မသိနိုင်ပါဘူး။ ဒါကြောင့် စောင်းတီးပြီး သတိပေးရတယ်ဆိုတာကလည်း သဘာဝယုတ္တိမတန်ပါဘူး။ အဲ့ဒါနဲ့ပတ်သက်ပြီး ကျီးသဲလေးထပ်ဆရာတော် ရေးသားပြုစုခဲ့တဲ့ ဓိနတ္ထပကာသနီကျမ်း စာမျက်နှာ ၂၀ မှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်။ 'ဘုရားအလောင်းသည်လည်း ယင်းသို့ ဒုက္ကရစရိယာအကျင့်ကို ၆ နှစ်တိုင်အောင် ကျင့်တော်မူပြီးမှ ပြိုငြင်စွာသောအကျင့်ဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်ရာ၊ သတ္တဝါတို့၏ ဓမ္မတာလည်း ပညာလွန်လျှင် ဆွံ့သည်၊ ဝီရိယလွန်လျှင် ပြန့်သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိသာလျှင် လွန်သည်မရှိ၊ လိုသည်သာ ဖြစ်သည်၊ ထို့ကြောင့် ယခုငါသည် အာဟာရကို မျှတစေလျက် ကိုယ်လက်ဖြည့်တင်း၍ သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိကို မျှတစေတော့အံ့ဟု ကြံလျက် ထိုထိုမြို့ရွာသို့ချဉ်းကပ်၍ ခံအပ်သော ဆွမ်းကိုဘုဉ်းပေးတော်မူ၏။ ထိုသို့ ဘုဉ်းပေးရာတွင်မှ မဟာပုရိသလက္ခဏာတော်တို့ ပေါ်မြဲပြကတော့ ဖြစ်ပြန်သတည်း။'

မည်သို့ပင်ဆိုစေ ကျွန်တော်တို့ မြန်မာတွေအတော်များများ သိနေကြတာက ဘုရားကို ပဉ္စသိခ်နတ်သား ဗေလုဝနတ်စောင်းတီးပြီး သတိပေးတယ်ဆိုတာပါပဲ။ အခုလို သိနေတာကလည်း ဆောင်းပါးအစမှာ ဖော်ပြခဲ့သလို သီချင်းတစ်ခုတည်းကြောင့်တော့ မဟုတ်ပါဘူး။ နံရံဆေးရေးပန်းချီတွေထဲမှာလည်း အတော်များများ တွေ့ရပါတယ်။ အခုလည်း အမရပူရခေတ်လက်ရာ ဌာပနာကြေးသွန်းရုပ်တုလေးတွေမှာလည်း ထပ်မံပြီး ထူးခြားစွာ တွေ့လာရပြန်ပါတယ်။ အခုလို ဒုက္ကရစရိယာကျင့်ခန်း ကြေးသွန်းဌာပနာရုပ်လေးက တွေ့ရခဲ့ပါတယ်။ များသောအားဖြင့် ဖွားတော်မူခန်း၊ ဘုရားဖြစ်ခန်း၊ ဓမ္မစကြာတရားဦးဟောခန်း၊ ပရိနိဗ္ဗာန်စံခန်းနဲ့ တောထွက်ခန်းတွေကိုသာ တွေ့ရလေ့ရှိပါတယ်။ အခုလို ဒုက္ကရစရိယာကျင့်ခန်းကို ပဉ္စသိခ်နတ်သား ဗေလုဝနတ်စောင်းတီးပြီး သတိပေးနေဟန်မျိုးကတော့ ပိုပြီးတော့တောင် အတွေ့ရနည်းပြီး ထူးခြားတယ်လို့တောင် ပြောနိုင်ပါတယ်။ ပူးတွဲဖော်ပြထားတဲ့ ပုံလေးကို သေချာကြည့်ပါ။ ဘုရားမဖြစ်သေးသော်လည်း ဦးခေါင်းတော်ထိပ်မှာ ဥဏှိသရောင်လျှံတော်ထည့်ပြီး လုပ်ထားတာလေးတစ်ခုပဲ စောဒကတက်စရာဖြစ်နေတာပါ။ ကျန်တဲ့အစိတ်အပိုင်းအားလုံး ဖန်တီးသူရဲ့စေတနာစွမ်းအားကို အထင်းသား တွေ့နိုင်ပါတယ်။ ဘုရားရှင်ရုပ်တုလေးမှာ ဒုက္ကရစရိယာအကျင့်ကြောင့် နံရိုးအပြိုင်းပြိုင်း ထနေဟန်ကို အစင်းရာလေးတွေနဲ့ ပုံဖော်ထားပါတယ်။ နတ်တွေ၊ ဗြဟ္မာတွေက နတ်ဩဇာ၊ နတ်သုဒ္ဓါတွေလာပြီး ဆက်သနေကြဟန်ကလည်း ကရုဏာရသမြောက်အောင် ဖန်တီးထားတာကိုလည်း အထင်းသား တွေ့ရပြန်ပါတယ်။ နောက်ပြီး ရေပူ၊ရေချမ်းကမ်းလှမ်းပြီး ဝတ်ကြီး၊ဝတ်ငယ်ပြုနေကြတဲ့ ပဉ္စဝဂ္ဂီရုပ်လေးကိုလည်း မမေ့ကျန်စေရပြန်ပါ။ ဘုရားလောင်းရဲ့ ဝဲဘက်မှာတော့ ဗေလုဝနတ်စောင်းတီးပြီး သတိပေးနေတဲ့ ပဉ္စသိခ်နတ်သားရုပ်လေးကို ချစ်စဖွယ် ထုလုပ်ဖန်တီးထားပါတယ်။ အဲ့ဒီတော့ အဲ့ဒီကြေးသွန်းရုပ်လေးတွေကို ကြည့်လိုက်တာနဲ့ ဘုရားလောင်းကတော့ အဓိကဖြစ်လို့ထားပါတော့။ နတ်ဩဇာဆက်သနေတဲ့ နတ်ရုပ်နဲ့ စောင်းတီးနေတဲ့ နတ်ရုပ်တို့ကိုဖြစ်စေ၊ ပဉ္စဝဂ္ဂီရုပ်ကို ဖြစ်စေ အဆင်တန်ဆာတွေ မကျန်ခဲ့စေဘဲ ကြည့်ရုံနဲ့ သိသာအောင် ဖန်တီးထားပါတယ်။ အထူးသဖြင့် စောင်းကိုဖန်တီးတဲ့အခါမှာ စာရေးသူတို့ မူလတန်းဖတ်စာမှာပါတဲ့ 'ရင်ဝယ်ထား သားလည်းမဟုတ်၊ အမြီးကောက် မျောက်လည်းမဟုတ်' ဆိုတဲ့ လင်္ကာလေးအတိုင်း စောင်းအိုးကို ပိုက်ထားဟန် ဖန်တီးထားတာ အလွန်တရာမှ လက်ရာမြောက်လှပါတယ်။ ဒါကြောင့်လည်း အဲ့ဒီကြေးသွန်းရုပ်လေးတွေကို မြင်တာနဲ့ ဗုဒ္ဓဝင်ထဲက ဒုက္ကရစရိယာကျင့်ခန်းမှန်း ထင်းခနဲ သိသာစေတာပေါ့။ ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီးမှာ ပြသထားတဲ့ သဲကျောက်ထွင်း ဒုက္ကရစရိယာကျင့်တော်မူခန်းမှာ ဘုရားလောင်းဟာ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီး ဈာနမုဒြာဟန်နဲ့ စက္ကူခြေချထားပါတယ်။ ခန္ဓာကိုယ်ကတော့ အရိုးအပြိုင်းပြိုင်းထဟန် ထုလုပ်ထားပြီး ဘုရားလောင်းရဲ့ ဝဲ၊ ယာကနေ နတ်တွေက နားထဲကတစ်ဆင့် နတ်ဩဇာသွင်းနေကြဟန် ဖန်တီးထုလုပ်ထားတာကို တွေ့ရပါတယ်။ ပဉ္စသိခ်နတ်သား ဗေလုဝနတ်စောင်းတီးပြီး သတိပေးနေတာတော့ မပါပါဘူး။ စာရေးသူ နိုင်ငံခြားသား ဧည့်လမ်းညွှန်များကို ဗဟုသုတလက်ဆင့်ကမ်းမျှဝေနေတုန်းက ဧည့်လမ်းညွှန်များတောင် ပုဂံပြတိုက်က ဒုက္ကရစရိယာကျင့်ဟန် သဲကျောက်ရုပ်ကြွကို ရုတ်တရက် ဘာမှန်းမသိဘူးဖြစ်နေလို့ ရှင်းပြခဲ့ရပါသေးတယ်။ နတ်ဩဇာသွင်းနေကြတဲ့ နတ်ရုပ်တွေက ဘုရားလောင်းရဲ့ နားထဲကို တုတ်နဲ့ ထိုးနေသလိုမျိုး ပုံပေါက်နေလို့ပါ။ ဖန်တီးတဲ့ ကျောက်ဆစ်ပညာရှင်ကတော့ သွင်းလက်စ နတ်ဩဇာကို ပုံဖော်ထားတာပါ။ ဒါပေမဲ့ စာမကြေစာဖတ်နည်းကြလေတော့ ဘာဇာတ်ရုပ်ဆိုတာ ခန့်မှန်းဖို့ ခက်ခဲသွားကြတာပေါ့။ စာရေးသူအနေနဲ့ ကိုယ်ရည်သွေးနေခြင်း မဟုတ်ရပါ။ ဆိုလိုတာက မိမိဖန်တီးတဲ့ အနုပညာလက်ရာလေးကို ကြည့်ရှုလေ့လာတဲ့သူက တန်းခနဲ ချက်ချင်းသိသာစေရအောင် ပြုလုပ်ထားခဲ့တဲ့ ဖန်တီးသူ ကြေးသွန်းပညာရှင်ရဲ့စေတနာစွမ်းအားကို အခုလို ဆောင်းပါးအဖြစ် ဂုဏ်ပြုဖော်ပြရခြင်းလည်း ဖြစ်ပါကြောင်း။

**ကျမ်းကိုး – ဓိနတ္ထပကာသနီကျမ်း**

**– ကျီးသဲလေးထပ်ဆရာတော် လက်တွေ့ကွင်းဆင်း လေ့လာချက်များ**

ရက္ခိတ(ရှေး/သု)

# မကွေးမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မကွေး အောက်တိုဘာ ၂၄**

နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာ ဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိရာ အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက မကွေးမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အ.လ.က ခွဲ (ကင်းကျောင်း)၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။



ဟောပြောပွဲသို့ မကွေးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က ကျောင်းသား၊ ကျောင်းသူများအတွက် သိသင့်သိထိုက်သော လူငယ်များ၏ ရည်မှန်းချက်၊ အတတ်ပညာတတ်ဖို့ သာမက အသိပညာတတ်ဖို့ပါ စာပေဖတ်ရှုကြရန်၊ လူငယ်နဲ့ စာရိတ္တ ခေါင်းစဉ်များဖြင့် ဟောပြောပေးခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်ကျန်းမာရေး၊ ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရေးနှင့် မူးယစ်ဆေးဝါး၏ဆိုးကျိုးအန္တရာယ်များကို သိရှိစေရန် ရည်ရွယ်၍ ဟောပြောပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ဟောပြောခဲ့သည်။

ဆက်လက်၍ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးနံရံကပ်စာစောင်နှင့်သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**မောင်နိုင်မင်း(ပြန်ဆက်)**

## လူထုအခြေပြုဗဟိုဌာနတွင် ဖန်စီထိုးနည်းသင်တန်း(အခမဲ့)ဖွင့်လှစ်

**ကျောက်ဆည် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ လူထုအခြေပြုဗဟိုဌာနတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက ဖန်စီထိုးနည်းသင်တန်း (အခမဲ့)ဖွင့်လှစ်ပေးခဲ့သည်။

ဖန်စီထိုးနည်းသင်တန်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းနည်းပြဆရာမဒေါ်ခင်ချို (အမျိုးသမီးများအသင်း)ဥက္ကဋ္ဌက သော့ချိတ်အမျိုးမျိုးပြုလုပ်ရာ၌ အခြေခံကြသည့် နည်းလမ်းများအား အဆင့်ဆင့် သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၂ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)





## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများက ကျောင်းတစ်ကျောင်းစာကြည့်တိုက် တစ်တိုက်၊ အိမ်တစ်အိမ်၊ စာအုပ်စင်တစ်စင်၊ ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို မိတ္ထီလာခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ) (၄၆၉)

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်းယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

### စာပေတင်းကုပ်


* စကားလုံးတွေကို
ပခုံးပေါ် ထမ်းပိုးရင်း
အားကြိုးမာန်တက်
တနင်္ဂနွေရက်တိုင်း
လာခဲ့ကြ။

* သိတာလည်းရှိ
မသိတာလည်းရှိပေါ့
အချိန်တန်တော့လည်း
"ညှော်သည်ကြီး"ဟန်နဲ့
ပြန်သွားကြ။

* "ကြောင်းရာလည်းစုံ
နေလဲကုန်ပြီ
သိုက်မြုံပြန်ခွင့်ပြုပါလေ"တဲ့

* မည်သို့ဆိုစေ
ရွှေမန်းတောင်ရိပ်
နန်းဦးထိပ်မှာ
နေခြည်အစောင်း
ရွှေရည်လောင်းမယ့်
ရေနီမြောင်းအသစ်
ငါတို့ခေတ်မှာ ကျန်ရစ်မည်။ ။

**မောင်ဆွေသစ်(မန္တလေး)**



# ဉာဏ်ရည်တုနည်းပညာနှင့် ယနေ့ကမ္ဘာ




ဉာဏ်ရည်တု( Artificial Intelligence) (အတိုကောက်အခေါ်အဝေါ်- AI)သည် ကွန်ပျူတာသိပ္ပံပညာရပ်၏ ဘာသာရပ်ခွဲတစ်ခုဖြစ်ပြီး စက်ကိရိယာများတွင် လူသားတို့၏ ဉာဏ်ရည်ဉာဏ်သွေးကို တုပထည့်သွင်းရန် ရည်ရွယ်သည့် ပညာရပ်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် လူသားတို့ကဲ့သို့ အသိဉာဏ်ရှိသော ကိုယ်စားလှယ်ဆိုသည်မှာ ပတ်ဝန်းကျင်ကို နားလည်သိမြင်ပြီး အောင်မြင်မှုနှုန်းကို မြှင့်တင်ရန်အတွက် လုပ်ဆောင်နိုင်သည့် စနစ်များပင်ဖြစ်သည်။ ဤအသုံးအနှုန်းကို စတင်သုံးနှုန်းခဲ့သူ ဂျွန်မက်ကာသီ (John McCarthy) က ဉာဏ်ရည်တုအား "ဉာဏ်ပညာရှိသော စက်များ ဖန်တီးနိုင်မည့်သိပ္ပံနှင့် အင်ဂျင်နီယာပညာ"ဟု ဖွင့်ဆိုခဲ့သည်။

သိပ္ပံနှင့် နည်းပညာမြင့်မားလာသည့် ယနေ့လူမှုအသိုက်အဝန်းတွင် AI နည်းပညာသည် သစ်ဆန်းသည့် ဝန်ဆောင်မှုများစွာကို ပေးစွမ်းလျက်ရှိသည်။ မျိုးဆက်သစ်များသည် ခေတ်မီကမ္ဘာ၏ ရှုပ်ထွေးမှုများနှင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိသည်။ အထူးသဖြင့် မြန်မာလူငယ် မျိုးဆက်သစ်များသည် AI (ဉာဏ်ရည်တု လူသားမိတ္တူ) နည်းပညာကဲ့သို့သော စိန်ခေါ်မှုများကို များစွာရင်ဆိုင်ကြရဦးမည်ဖြစ်သည်။ လက်ဆင့်ကမ်းလာသည့် ပညာရေးစနစ်သည် လူမှုအသိုက်အဝန်း၏ အမှန်တကယ်ပုံရိပ်အား သိမြင်နားလည်နိုင်စွမ်းကို ရောထွေးစေနိုင်သဖြင့် ယနေ့လူငယ်မျိုးဆက်သစ်များအတွက် IT ခေတ်၏ စိန်ခေါ်မှုများကို မြင်နိုင်စွမ်းရှိစေမည့် ပညာရေးစနစ်မျိုးကို မဖြစ်မနေ ပြုပြင်ပြောင်းလဲပေးသွားရန်လည်း အရေးတကြီး လိုအပ်လျက်ရှိပါသည်။

ယခုအခါ AI သည် လူသားတို့၏ အလုပ်အကိုင်များစွာကို အစားထိုးလာသည်။ နည်းပညာ၊ ကျန်းမာရေး၊ ဘဏ္ဍာရေးကဲ့သို့သော နယ်ပယ်အမျိုးမျိုးတွင် AI ၏ အရေးပါမှုမြင့်မားလာသည်။ AI သည် ခေတ်မီနယ်ပယ်များအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများစွာကို ဖန်တီးပေးထားပြီး စိတ်လှုပ်ရှားဖွယ် အခွင့်အလမ်းများကို ပေးစွမ်းလျက်ရှိသည်။ AI နည်းပညာ၏ တိုးတက်မှုသည် အလုပ်အကိုင်ဈေးကွက်အပေါ် သိသိသာသာ သက်ရောက်မှုရှိသည်။ လက်ရှိအလုပ်အကိုင်အချို့ကို နေရာယူလာသလို အလုပ်အကိုင် အခွင့်အလမ်း အသစ်များကိုလည်း ဖန်တီးပေးလျက်ရှိသည်။ Software နှင့် အင်ဂျင်နီယာ နယ်ပယ်တွင် AI နည်းပညာသည် ဆင့်ကဲ ပြောင်းလဲလျက်ရှိသည်။ AI ကျွမ်းကျင်ပညာရှင်များအတွက် တိုးတက်ပြောင်းလဲနေသည့် နည်းပညာနယ်ပယ်အတွင်းသို့ ကူးပြောင်းရန် အခွင့်အလမ်းများစွာ ပွင့်လျက်ရှိသည်။ AI အင်ဂျင်နီယာများ၊စက်ရုပ်ကျွမ်းကျင်သူများနှင့် ကျင့်ဝတ်ပညာရှင်များ(Ethicists)ကဲ့သို့သော လုပ်ငန်းအမျိုးမျိုးတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖန်တီးပေးလျက်ရှိသည်။

AI နည်းပညာဖြင့် အသက်မွေးလိုသူများအတွက် သင်္ချာ၊ ကွန်ပျူတာသိပ္ပံနှင့် အင်ဂျင်နီယာ နည်းပညာဆိုင်ရာ စွမ်းရည်များအပြင် ဆက်သွယ်ရေးနှင့် စီမံခန့်ခွဲမှု စွမ်းရည်များပါ တတ်မြောက်နားလည်ရန် လိုအပ်သည်။ နည်းပညာဆိုင်ရာကျွမ်းကျင်မှုများဖြစ်သည့် သင်္ချာ၊ ကွန်ပျူတာသိပ္ပံ၊ အင်ဂျင်နီယာနှင့် ပရိုဂရမ်ရေးသားခြင်း ဘာသာရပ်များတွင် ခိုင်မာသော အခြေခံအုတ်မြစ်ရှိသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာက စောင့်မျှော်လျက်ရှိသည်။ Open AI သည် အမေရိကန်ပြည်ထောင်စုအခြေစိုက် ဉာဏ် ရည်တု (AI) သုတေသနဓာတ်ခွဲခန်း တစ်ခုဖြစ်သည်။ ၎င်းတွင် အကျိုးအမြတ်မယူသော အဖွဲ့အစည်းဖြစ်သည့် Open AI Incorporated (Open AI Inc.)နှင့် ၎င်း၏အကျိုးအမြတ်အတွက် လုပ်ငန်းခွဲဖြစ်သော Open AI Limited Partnership (Open AI LP) တို့ပါဝင်သည်။ Open AI သည် လူသားမျိုးနွယ်အပေါ် အကျိုးပြုနိုင်သည့် ဉာဏ်ရည်တုစနစ်များကို မြှင့်တင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် AI သုတေသနများကို လုပ်ဆောင်လျက်ရှိသည်။ လက်ရှိတွင် Open AI သည် ၎င်းတို့၏ သုတေသနများမှ ထွက်ပေါ်လာသော ဉာဏ်ရည်တု မော်ဒယ်လ်များနှင့် စနစ်များကို ကမ္ဘာသို့ချပြနိုင်ခဲ့ပြီဖြစ်သည်။ Open AI ၏ထင်ရှားသော ထုတ်ကုန်အချို့မှာ-

**(၁) GPT စီးရီး(Generative Pre-trained Transformer):** ၎င်းတို့သည် စာသားများနားလည်ခြင်း၊ ဖန်တီးခြင်းနှင့် ဘာသာပြန်ခြင်းတို့အတွက် ဒီဇိုင်းထုတ်ထားသော ကျယ်ပြန့်သည့် ဘာသာစကားမော်ဒယ်များ (Large Language Models) ဖြစ်သည်။ GPT-3, GPT-4 နှင့် နောက်ပိုင်းမော်ဒယ်လ်များသည် စွမ်းဆောင်ရည်မြင့်မားပြီး ကျယ်ပြန့်စွာ အသုံးပြုခြင်းခံရသည်။

**(၂) DALL-E စီးရီး** ၎င်းတို့သည် စာသားဖော်ပြချက်များသို့မဟုတ် အခြားသွင်းအားစုများမှ ပုံများကို ဖန်တီးပေးနိုင်သော AI စနစ်များဖြစ်သည်။

**(၃) ChatGPT:** ၎င်းသည် GPT မော်ဒယ်လ်များကို အခြေခံထားသော စကားပြောဆိုနိုင်သည့် ဉာဏ်ရည်တုအင်တာဖေ့စ် (Conversational AI Interface) ဖြစ်ပြီး သုံးစွဲသူများနှင့် သဘာဝကျကျ ဆက်သွယ်ပြောဆိုနိုင်ရန် ဖန်တီးထားသည်။

**(၄) API** ဝန်ဆောင်မှုများ OpenAI သည် ၎င်းတို့၏ မော်ဒယ်လ်များ (ဥပမာ- GPT, DALL-E, Whisper) ကို ဆော့ဖ်ဝဲရေးသားသူများက ၎င်းတို့၏ အပလီကေးရှင်းများနှင့် ဝန်ဆောင်မှုများတွင် ထည့်သွင်းအသုံးပြုနိုင်ရန် API (Application Programming Interface) များမှတစ်ဆင့် ဝန်ဆောင်မှုပေးသည်။

**(၅) Whisper:** အသံမှ စာသားသို့ ပြောင်းလဲပေးနိုင်သော ဘာသာစကားပေါင်းစုံသုံး AI မော်ဒယ်လ်တစ်ခု ဖြစ်သည်။

အထက်ပါ Open AI ၏ ဉာဏ်ရည်တုစနစ်များသည် ကမ္ဘာပေါ်တွင် ပဌမမြောက် အစွမ်းထက်ဆုံး စူပါကွန်ပျူတာစနစ်တစ်ခုကို ဖော်ဆောင်လျက်ရှိနေပြီဖြစ်သည်။ ယခုအခါလူသားမျိုးနွယ်အားလုံးအတွက် လုံခြုံစိတ်ချရသော ဉာဏ်ရည်တုကို မြှင့်တင်ဖော်ထုတ်ရန် ဂျပန်၊ တရုတ်၊ ရုရှားနှင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံအများအပြားတွင်လည်း ကြိုးစားဆောင်ရွက်လျက်ရှိကြသည်။

တစ်နည်းအားဖြင့်ဆိုရသော်Artificial Intelligence ဆိုသည်မှာ သက်ရှိသတ္တဝါများ၏ သဘာဝဉာဏ်ရည်နှင့် ဆန့်ကျင်ဘက်ဖြစ်သော စက်များ၊ အထူးသဖြင့် ကွန်ပျူတာစနစ်များဖြင့် ပြသထားသော ဉာဏ်ရည်ပင်ဖြစ်သည်။ ထို့ပြင် Artificial Intelligence (AI) သည် ဆင်ခြင်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း သို့မဟုတ် ပြဿနာများကို ဖြေရှင်းခြင်းကဲ့သို့သော သမိုင်းကြောင်းအရ လူသားတစ်ဦးသာ လုပ်ဆောင်နိုင်သည့် ရှုပ်ထွေးသောအလုပ်များကို လုပ်ဆောင်နိုင်သည့် ကွန်ပျူတာစနစ်များကို ဖော်ဆောင်နိုင်ရန်ဆောင်ရွက်လျက်ရှိကြခြင်းလည်းဖြစ်သည်။

AI နည်းပညာသည် လက်ရှိတွင် မြန်မာနိုင်ငံအတွက် နည်းလမ်းသစ်များစွာကို ကူညီပေးနိုင်သည်-

(၁) ကျန်းမာရေးစောင့်ရှောက်မှု AI စွမ်းအင်သုံးစနစ်များသည် ပုံစံများနှင့် ခေတ်ရေစီးကြောင်းများကို ခွဲခြားသတ်မှတ်ရန်၊ ရောဂါရှာဖွေရာတွင် အထောက်အကူဖြစ်စေရန်နှင့် ကုသမှုအစီအစဉ်များကို အကောင်းဆုံးဖြစ်အောင် ပြုလုပ်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို မြှင့်တင်ပေးနိုင်ပါသည်။

(၂) စိုက်ပျိုးရေး AI သည် သီးနှံစီမံခန့်ခွဲမှု၊ မိုးလေဝသခန့်မှန်းချက်၊ ပိုးမွှားစစ်ဆေးခြင်းနှင့် မြေဆီမြေလွှာခွဲခြမ်းစိတ်ဖြာခြင်းဆိုင်ရာ ထိုးထွင်းအမြင်များကို ပံ့ပိုးပေးခြင်းဖြင့် AI သည် လယ်သမားများအတွက်နှုန်းတိုးစေပြီး အရင်းအမြစ်များကို ပိုမိုကောင်းမွန်အောင် ကူညီပေးနိုင်သည်။

(၃) AI နည်းပညာအသုံးပြုပညာရေးဆိုင်ရာကိရိယာများသည် ကျောင်းသားများအတွက် သင်ယူမှု အတွေ့အကြုံများကို စိတ်ကြိုက်ပြင်ဆင်နိုင်ပြီး အွန်လိုင်းပလက်ဖောင်းများမှတစ်ဆင့် ဝေးလံခေါင်သီသော ဒေသများရှိ အရည်အသွေးရှိသော ပညာရေးကို ရရှိနိုင်စေရန်နှင့် စိတ်ကြိုက်သင်ကြားရေးပစ္စည်းများ ဖန်တီးရာတွင် ဆရာများကို ကူညီပေးနိုင်သည်။

(၄) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု AI အယ်လ်ဂိုရီသမ်များသည် ရေကြီးခြင်း၊ ဆိုင်ကလုန်းနှင့် ငလျင်များကဲ့သို့ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ခန့်မှန်းရန် အမျိုးမျိုးသော အရင်းအမြစ်များမှ အချက်အလက်များကို ပိုင်းခြားစိတ်ဖြာနိုင်ပြီး အာဏာပိုင်များသည် ၎င်းတို့၏ အကျိုးသက်ရောက်မှုများကို လျော့ပါးစေရန် တက်ကြွသော အစီအမံများနှင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခြင်းဆိုင်ရာ ဗျူဟာများကို ရေးဆွဲနိုင်ပါသည်။

(၅) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု AI သည် ထောက်ပံ့ရေး ကွင်းဆက်များကို အကောင်းဆုံးဖြစ်အောင်၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို ချောမွေ့စေပြီး ဆန်းသစ်သောထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သည်။

(၆) ဘာသာစကားပြန်ခြင်း မြန်မာနိုင်ငံတွင် ဘာသာစကားကွဲပြားမှုများကြောင့် AI နည်းပညာသုံး ဘာသာပြန်ကိရိယာများသည် မတူညီသော ဘာသာစကားများမှတစ်ဆင့် စာသားအပြောအဆိုများကို ဘာသာပြန်ခြင်းဖြင့် လူမှုအသိုက်အဝန်းများကြား ပိုမိုကောင်းမွန်သော အပြန်အလှန် ဆက်သွယ်မှုနှင့် နားလည်မှုတို့ကို လွယ်ကူချောမွေ့စွာ ပေါင်းကူးပေးနိုင်ပါသည်။

(၇) အစိုးရဝန်ဆောင်မှုများ AI သည် လုပ်ရိုးလုပ်စဉ် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းတာဝန်များကို အလိုအလျောက်လုပ်ဆောင်နိုင်ပြီး ပြည်သူ့ဝန်ဆောင်မှုများပေးအပ်ခြင်းကို မြှင့်တင်ပေးခြင်း၊ Chatbots များနှင့် Virtual Assistant များမှတစ်ဆင့် နိုင်ငံသားများ၏ ထိတွေ့ဆက်ဆံမှုကို မြှင့်တင်ပေးနိုင်ပြီး မူဝါဒရေးဆွဲမှုများအတွက် ဆုံးဖြတ်ချက်ချရာတွင် ကူညီပေးနိုင်ပါသည်။

(၈) Infrastructure Development AI – based Solutctions များသည် သယ်ယူပို့ဆောင်ရေးစနစ်များ၊ မြို့ပြစီမံကိန်းနှင့် စွမ်းအင်စီမံခန့်ခွဲမှုအပါအဝင် အခြေခံအဆောက်အအုံစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်းဆုံးဖြစ်အောင်ကူညီပေးနိုင်ပြီး အရင်းအမြစ်များကို ပိုမိုထိရောက်စွာ အသုံးပြုမှုနှင့် နိုင်ငံသားများအတွက် ဘဝအရည်အသွေးကို မြှင့်တင်ပေးနိုင်ပါသည်။ ယခုနောက်ပိုင်း Artificial Intelligence (AI)ကို အဓိကအသုံးပြုလာသည့်နေရာမှာ စက်ရုပ်များတွင်ဖြစ်ပြီး နောက်ပိုင်းစက်ရုပ်များသည် ယခင်စက်ရုပ်ကဲ့သို့ သတ်မှတ်ထားသည့်အတိုင်း အလုပ်တစ်ခုခုကိုပဲ လုပ်နေခြင်းမျိုးမဟုတ်ဘဲ ကျွန်ုပ်တို့မျက်နှာပေါ်က စိတ်ခံစားမှုများကို သိရှိနိုင်ပြီး စားသောက်ဆိုင်တွင် စားပွဲထိုးလုပ်ပေးသည့် စက်ရုပ်များ၊ ဧည့်ကြိုလုပ်ပေးသည့် စက်ရုပ်များ သို့မဟုတ် ကျွန်ုပ်တို့နှင့်အတူတူ Chess ထိုးမည့် တူတူစာဖတ်မည့် အဖော်ပြုပေးမည့် စက်ရုပ်များအထိ ထွက်ပေါ်လာနေပြီလည်း ဖြစ်ပါသည်။ ထိုစက်ရုပ်များသည် ကျွန်ုပ်တို့၏သူငယ်ချင်း စက်ရုပ်များကဲ့သို့ဖြစ်လာနေသည်။ အိမ်သုံးစက်ရုပ်များသည် တံမြက်စည်းလှည်းခြင်း၊ ဖုန်သုတ်ခြင်း၊ ကိုယ်မအားသည့်အချိန်တွင် ကိုယ့်သားသမီးများကို ကူထိန်းပေးခိုင်းနိုင်သည်။ ထိုအရာများသည် Artificial Intelligence( AI) နည်းပညာ၏ အကျိုးကျေးဇူးများပင်ဖြစ်သည်။

လက်ရှိတွင် Artificial Intelligence (AI) နည်းပညာနှင့် တီထွင်ထားသည့်စက်ရုပ်များကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သုံးစွဲနေကြပြီဖြစ်သည်အလားတူ မောင်းသူမဲ့ ကားများ၊ ဒရုန်းယာဉ်များသည်လည်း Artificial Intelligence(AI)ကို သုံးထားခြင်းပင်ဖြစ်ပါသည်။ ကားထုတ်သည့် စက်ရုံများနှင့် ထောင်ချီထုတ်လုပ်သည့်ကားများတွင် ဂဟေဆော်ခြင်း၊ စက်များဆင်ခြင်း၊ အင်ဂျင်တပ်ဆင်ခြင်းများကို လုပ်ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် နာမကျန်းဖြစ်သူများ၊ သက်ကြီးရွယ်အိုများ နေ့စဉ်သွားလာလှုပ်ရှားရေးများတွင် လိုအပ်သည်များကို အဆင်ပြေအောင်လုပ်ပေးနိုင်မည့် သူနာပြုစက်ရုပ်များကိုလည်း စတင်အသုံးပြုလာနေကြပြီလည်း ဖြစ်သည်။ ထိုအရာများသည်လည်း Artificial Intelligence(AI) နည်းပညာ၏ အကျိုးကျေးဇူးများပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် AI နည်းပညာများကို ထိထိရောက်ရောက်အသုံးချခြင်းဖြင့် မြန်မာနိုင်ငံသည် အမျိုးမျိုးသော လူ့အဖွဲ့အစည်းဆိုင်ရာစိန်ခေါ်မှုများကို ကိုယ်တွယ်ဖြေရှင်းနိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်လာနိုင်မည်ဖြစ်သည်။ သို့သော်လည်း AI အသုံးချမှုများကို သင့်လျော်သောစည်းမျဉ်းများ၊ ကျင့်ဝတ်ဆိုင်ရာများ ထည့်သွင်းစဉ်းစားမှုများနှင့်အတူ ဖြစ်နိုင်ခြေရှိသောအန္တရာယ်များကို လျော့နည်းစေပြီး အကျိုးကျေးဇူးများကို အမြင့်ဆုံးဖြစ်စေရန်အတွက် နည်းပညာကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရေးတွင် ရင်းနှီးမြှုပ်နှံမှုများစွာကို ဆောင်ရွက်ပေးခြင်းဖြင့် ခေတ်မီနိုင်ငံတော်အား အမြန်ဆုံးတည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား-**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော "AI နည်းပညာနှင့်ခေတ်သစ်ကမ္ဘာ" စာအုပ်နှင့် Wikipedia From Google

မောင်မောင်စွယ်စုံထွန်း

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၅)၊ ဦးပိုင်နံပါတ်(၆၈-က) ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိမြေနေရာချထားပေးခြင်းခံခဲ့ရသူ (မိခင်) ဒေါ်ကျင်မေ ကွယ်လွန်သွားသဖြင့် လက်ရှိပူးတွဲအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်စန်းစန်းဦး(ဘ)ဦးထွန်းအောင်(၉/မနတ(နိုင်)၀၇၄၄၇၀)နှင့် ဒေါ်စန်းစန်းဝင်း(ဘ)ဦးထွန်းအောင်(၉/မနတ(နိုင်)၀၀၀၁၉၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ် ၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၇)၊ ဦးပိုင်နံပါတ်(၁၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးခင်သန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နုနုရွှေ(ဘ)ဦးစံအေး(၉/မရတ(နိုင်)၀၉၄၂၇၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B,LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ-၃၂)၊ ဦးပိုင်နံပါတ်(၅၁) ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးသန်းလွင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နိုင်နိုင်သွင်(ဘ)ဦးသန်းလွင် (၉/ခအဇ(နိုင်)၀၁၃၃၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၆)၊ ဦးပိုင်နံပါတ်(၂၈-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊ ပေ(၂၀×၃၀) အကျယ်အဝန်းရှိ ဦးအေးသောင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း(၁၀ပေ×ပေ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စမ်းစမ်းဝင်း(ဘ)ဦးစိုးမြင့်(၉/ခမစ(နိုင်)၀၂၆၁၂၄)မှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၁၉)၊ ဦးပိုင်နံပါတ်(၅၀) ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၆၂)ဧက၊ ပေ(၆၀×၄၅)ပေ အကျယ်အဝန်းရှိ ဦးဝင်းမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်တင်ဝင်း(ဘ)ဦးချစ် (၉/မနမ(နိုင်)၀၁၂၁၇၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁၀)၊ ဦးပိုင်နံပါတ်(၁၅၅+၁၅၆)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅+၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးကံကောင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်များနှင့် ယင်းမြေကွက်များ၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးထွန်းဦး(ဘ)ဦးမြင့်ကြည်(၁၃/တကန(နိုင်)၀၆၈၄၉၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်များ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၇)၊ ဦးပိုင်အမှတ်(၁၆) မြေကွက်သည် ဦးချစ်ပြုံး အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ထဲရှိ တောင်အစွန်ဆုံး၏ မြောက်ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိသော မြေနှင့် အိမ် အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးမျိုးဝင်းထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၅)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ–၄၆/၁၆၊ ၅၇–စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## အကွက်အမှတ်(ဗ-၁၉)၊ ဦးပိုင်အမှတ်(၂၉-က) မြေကွက်ထဲမှ အရှေ့ဘက်ခြမ်း(၁၀ ပေ × ပေ ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၉)၊ ဦးပိုင်အမှတ်(၂၉-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ဦးသောင်းငွေ အမည်ဖြင့် ရရှိထားသော(စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း(၁၀ ပေ × ပေ ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထဲလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ခင်မမ(ဘ)ဦးဟာမတ်(၉/မရတ(နိုင်)၁၀၉၃၉၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) , ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၈)၊ ဦးပိုင်အမှတ်(၇) မြေကွက်သည် ဦးကျော်ဝင်း အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ထဲရှိ တောင်ဘက်ခြမ်းပေ(၃၀×၄၀)အကျယ်အဝန်းရှိသော မြေနှင့်အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာ အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးစိုင်းစံညွှန့်ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ–၄၆/၁၆၊ ၅၇–စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၀)၊ ဦးပိုင်အမှတ်(၅၁)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၃၄လမ်းနှင့် ၁၃၅လမ်းကြားရှိ ဦးလှစိန် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးလှစိန်၊ မိခင် ဒေါ်ခင်ပြည့်၊ (သား)ဦးဝေလင်းနိုင်(လူပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးကျော်လွင်စိုး(၉/ပကခ(နိုင်)၀၀၈၁၀၇)၊ ဒေါ်သွယ်လေးနိုင်(၉/ပကခ(နိုင်)၀၁၅၆၀၉)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် ခွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ တိုင်းပြည်တစ်ခုရဲ့အချုပ်အခြာအာဏာဆိုတာ သူတို့ကို မထိခိုက်ဘူးဆိုရင် တော်တော်များများက မလုပ်ကြဘူး။ သူတို့ရဲ့အချုပ်အခြာအာဏာ ထိခိုက်လာပြီဆိုရင်တော့ ပြန်လည်တုံ့ပြန်ကြရမှာတော့သဘာဝပဲ။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ရုရှားနိုင်ငံ RT သတင်းဌာန၏ မေးမြန်းမှုများကို ဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ပြန်လည်သုံးသပ်ခြင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ MGallery ဟိုတယ်၌ ကျင်းပသည်။



## တက်ရောက်

အစည်းအဝေးသို့ NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက NCA(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို စနစ်တကျ ကျင်းပဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီများကလည်း အချင်းချင်း ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် NCA ဆိုင်ရာ အကြံပြုချက် စုစုပေါင်း ၉၃ ချက် ရရှိခဲ့ကြောင်း၊ အချို့အချက်များသည် အကျိုးရှိသည့် အကြံပြုချက်များဖြစ်ကြောင်း၊ လူငယ်များသည် ငြိမ်းချမ်းရေးကို စိတ်ဝင်စားသည်ကိုတွေ့ရှိရကြောင်း၊ NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး နောင်ကျင်းပမည့် အခမ်းအနားများ၌ လိုအပ်သလိုဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းကော်မတီအလိုက် အမှန်တကယ် သုံးစွဲခဲ့သည့် ဘတ်ဂျက် အသုံးစရိတ်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျတင်ပြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူးက NCA(၁၀)နှစ်ပြည့်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲအား ငြိမ်းချမ်းသောမြန်မာ့အနာဂတ် တည်ဆောက်ခြင်း ခေါင်းစဉ်နှင့်အတူ ရှေ့လုပ်ငန်းစဉ်များအား မည်သို့ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးစီးကော်မတီ အစည်းအဝေးကို လေးကြိမ် ဆောင်ရွက်ခဲ့ပြီး ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီ အစည်းအဝေး နှစ်ကြိမ်၊ NCA-S EAO အဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းမှု လေးကြိမ်နှင့် နိုင်ငံရေးစကားဝိုင်းတွင်ပါဝင်သည့် Moderator၊ Speaker များနှင့်လည်း အကြိမ်ပေါင်းများစွာတွေ့ဆုံခဲ့ပြီး လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက်တွေ့ကြုံရသည့် စိန်ခေါ်မှုနှင့် အားသာချက်၊ အားနည်းချက်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

## ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဦးစီးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်များ၊ ငွေကြေးသုံးစွဲခဲ့မှု အခြေအနေကို ရှင်းလင်းဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးမှုများအပေါ် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ငြိမ်းချမ်းရေးအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်နေသည်ဟု သုံးသပ်တွေ့ရှိရပြီး ငြိမ်းချမ်းရေးအတွက် မျိုးဆက်သစ် လူငယ်များကို လေ့ကျင့်သင်ကြား မွေးထုတ်ပေးရန်လိုကြောင်း၊ ငြိမ်းချမ်းရေးကို အထောက်အကူပြုသည့် ဒေသစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ NCA အထိမ်းအမှတ်အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့် အကြံပြုချက်များကို နောင်အစိုးရသစ်လက်ထက်၌ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အကြံပြုချက် ကောင်းများဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လိုအပ်သလို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဆီးဂိမ်းအကြိုပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်း ထိုင်းနိုင်ငံသို့ လေ့ကျင့်ခြေစမ်းခရီး ထွက်ခွာ

ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် ဆီးဂိမ်းအကြိုပြင်ဆင်မှုအဖြစ် ယနေ့ နံနက်ပိုင်းက ထိုင်းနိုင်ငံသို့ လေ့ကျင့်ခြေစမ်းခရီး ထွက်ခွာသွားပြီ ဖြစ်သည်။




မြန်မာအမျိုးသမီး ဖူဆယ် အသင်းအနေဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အောက်တိုဘာ ၂၄ မှ ၃၁ အထိ နေထိုင်ပြီး ထိုင်းအမျိုးသမီး လက်ရွေးစင် ဖူဆယ်အသင်း အပါအဝင် အမျိုးသမီး ဖူဆယ်ကလပ် အချို့နှင့်လည်း လေ့ကျင့်ခြေစမ်းပွဲများ ကစားသွားမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ထိုင်းလူမျိုးနည်းပြ Mr. Prasert Innui မှ တာဝန်ယူကိုင်တွယ်နေပြီး ထိုင်းလေ့ကျင့်ခြေစမ်းခရီးစဉ်သို့ ပဏာမ ကစားသမား ၂၂ ဦး လိုက်ပါသွားသည်။

(NGB)

ဝ-ဝ-ဝ-ဝ

# အမျိုးသမီးဘောလုံးအကယ်ဒမီသို့ သွားရောက်ကြည့်ရှု

ရန်ကုန် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF)ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မန္တလေးမြို့ရှိ ငလျင်ဒဏ်ခံခဲ့ရသည့် မြန်မာဘောလုံးအကယ်ဒမီ၏ ဖြိုဖျက်ရှင်းလင်းခြင်းနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ အသစ်တည်ဆောက်လျက်ရှိသည့် အမျိုးသမီးဘောလုံး အကယ်ဒမီတို့ကို အောက်တိုဘာ ၂၃ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မြန်မာဘောလုံးအကယ်ဒမီ အဆောက်အအုံသစ် အမြန်ဆုံးပြန်လည်တည်ဆောက်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ကာ အကယ်ဒမီတွင် တက်ရောက်လျက်ရှိကြသည့် သင်တန်းသားများနှင့် နည်းပြများကို တွေ့ဆုံအားပေးသည်။ ထို့ပြင် ၂၀၂၆ ခုနှစ်တွင် ဖွင့်လှစ်မည့် FIFA Forward 2.0 Programme ဖြင့် ဆောက်လုပ်လျက်ရှိသည့် အမျိုးသမီးဘောလုံးအကယ်ဒမီ၏ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။ လေ့ကျင့်ရေးကွင်းနှစ်ကွင်းကို ဇေယျာဝတီဖောင်ဒေးရှင်းက တည်ဆောက်လှူဒါန်းပေးမည်ဖြစ်သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မန္တလေးဖူဆယ်ဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လက်ရွေးစင်ဘောလုံးသမားဟောင်းကြီးများကို တွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု Myanmar Women Legue ပြိုင်ပွဲဝင် ကလပ်အသင်းသစ်ပေါ်ထွက်လာရေး၊ ဖူဆယ်ပြိုင်ပွဲများ ပိုမိုကျယ်ပြန့်စွာ ကျင်းပနိုင်ရေးနှင့် ဖူဆယ်လေ့ကျင့်ရေးကွင်းတည်ဆောက်ပေးနိုင်ရေးတို့ကို ထည့်သွင်းဆွေးနွေးသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် မြန်မာဘောလုံးအကယ်ဒမီတွင် ဇေယျာဝတီဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် အန္တရာယ်ရှိ အဆောက်အအုံများ ဖြိုဖျက်ရှင်းလင်းခြင်း အပြင် ၂၀၂၅-၂၀၂၆ စာသင်နှစ်တွင် စဉ်ဆက်မပြတ် ဆက်လက်သင်ကြားနိုင်ရေးအတွက် သင်တန်းသား ၉၀၊ နည်းပြ ၁၀ ဦး နေထိုင်နိုင်မည့် ယာယီအဆောက်အအုံ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ထားရှိကြောင်း သိရသည်။

သတင်းစဉ်